# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957


**မေတ္တာဖြင့် အောင်ရာ၏**

အမျက်ထွက်တတ်သောသူကို အမျက်မထွက်ခြင်းဖြင့် (မေတ္တာဖြင့်)အောင်ရာ၏၊ မကောင်းသောသူကို ကောင်းသောသဘောဖြင့် အောင်ရာ၏၊ နှမြောဝန်တိုသောသူကို ပေးကမ်းခြင်းဖြင့် အောင်ရာ၏၊ မဟုတ်မမှန် ပြောဆိုတတ်သောသူကို မှန်ကန်သောစကားကို ပြောဆိုခြင်းဖြင့် အောင်ရာ၏။ **ကောဓဝဂ်(ဓမ္မပဒ -၂၂၃)**


၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၄ ရက်၊ တနင်္ဂနွေနေ့။ Sunday, 20 August 2023 ၁၁၁၉၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်

**နေပြည်တော် ဩဂုတ် ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း တည်ထားကိုးကွယ်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် မာရဝိဇယ ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဂေါပကအဖွဲ့ရုံး၌ ကျင်းပပြုလုပ်သည်။

**တက်ရောက်**

အစည်းအဝေးသို့ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစော၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းနှင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ သာသနာရေးနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများကို ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

**ယနေ့ ဖတ်စရာ**

**ရန်မာန်ကင်း၍ ငြိမ်းအေးစေသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်**

ဆောင်းပါး စာမျက်နှာ » ၆

**သတိပြုသင့်သည့် ပြည်ဖျက်ကြေးစားများ အန္တရာယ်**

ဆောင်းပါး စာမျက်နှာ » ၈

**ပြည်ပကုန်သွယ်ရေးအတွက် ငွေပေးချေမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး**

စာမျက်နှာ » ၉

ကြေးမုံ

# အများအကျိုးစီးပွား ဖျက်ဆီးသူများအား ဆန့်ကျင်

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရပြီးအချိန်မှစ၍ မျက်မှောက်ကာလထိတိုင် မငြိမ်းချမ်းသောအခြေအနေများနှင့် ကြုံတွေ့နေဆဲဖြစ်သည်။ လွတ်လပ်ရေးရပြီးနောက် ပြည်တွင်းရောင်စုံသောင်းကျန်းသူများက တိုင်းပြည်ပျက်စီးစေရန် တိုက်ခိုက်ဖျက်ဆီးမှုများပြုလုပ်ခဲ့ကြသည်ကို နိုင်ငံ့သမိုင်းတွင် တွေ့ရမည်ဖြစ်သည်။ အကြမ်းဖက်သမားများသည် ယနေ့ထက်တိုင် အများပြည်သူအကျိုးစီးပွားများ ပျက်စီးစေရန် အဖျက်လုပ်ရပ်များ ဆက်လက်လုပ်ကိုင်နေသည်ကို တွေ့ရမည်ဖြစ်သည်။

အဖျက်အမှောင့်လုပ်ငန်းများကို လုပ်ကိုင်သူသည် တော်လှန်ရေးလည်းမဟုတ်၊ နိုင်ငံရေးလည်းမဟုတ် ပြည်သူလူထုအကျိုးစီးပွားကို ဖျက်ဆီးနေသည့် အကြမ်းဖက်အဖျက်သမားသက်သက်သာဖြစ်သည်။ အကြမ်းဖက်အဖျက်သမားများသည် အစိုးရကို တိုက်ခိုက်နိုင်စွမ်းမရှိသဖြင့် အများပြည်သူတို့နှင့် ပြည်သူတို့၏ အကျိုးစီးပွားများကို အကြောင်းမဲ့သက်သက် ဖျက်ဆီးတိုက်ခိုက်နေကြသဖြင့် တပ်မတော်သည် နိုင်ငံတော်နှင့်ပြည်သူကို ကာကွယ်စောင့်ရှောက်နေသလို ပြည်သူလူထုတစ်ရပ်လုံးကလည်း အကြမ်းဖက်အဖျက်သမားများကို ဝိုင်းဝန်းဆန့်ကျင်ရှုတ်ချကြရမည်ဖြစ်သည်။

အကြမ်းဖက်အဖျက်သမားများသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို တိုက်ခိုက်ဖျက်ဆီးသတ်ဖြတ်လျက်ရှိသည့်အပြင် ပြည်သူလူထု အသုံးပြုနေသည့် လမ်းပန်းဆက်သွယ်ရေးဆိုင်ရာ အခြေခံအဆောက်အအုံများကိုလည်း တိုက်ခိုက်ဖျက်ဆီးခဲ့သည်။ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၃၀ ရက်နေ့တွင် KNPP နှင့် PDF အမည်ခံအကြမ်းဖက်သမားများက ရန်ကုန်-နေပြည်တော်-လွိုင်ကော် ခရီးစဉ်ပြေးဆွဲနေသည့် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ခရီးသည်တင် လေယာဉ်ကို လွိုင်ကော်လေဆိပ်အဆင်းတွင် ပစ်ခတ်တိုက်ခိုက်ခဲ့သည်။ ၂၀၂၃ ခုနှစ် ဇွန်လ ၆ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ပဲနွယ်ကုန်း-နတ်သံကွင်း-ကျောက်ကြီးကားလမ်းပေါ်တွင် တည်ဆောက်ထားသော စစ်တောင်းမြစ်ကူးတံတား(နတ်သံကွင်း)ကို မိုင်းထောင်ဖောက်ခွဲခဲ့သည်။

ထို့အပြင် ဇွန်လ ၂၉ ရက်နေ့တွင် မွန်ပြည်နယ် သထုံမြို့နယ် ရန်ကုန်-မော်လမြိုင်သွား ပြည်ထောင်စုလမ်းမပေါ်ရှိ ကျုံအိတ်တံတားကို မိုင်းထောင်ဖောက်ခွဲဖျက်ဆီးခဲ့သည်။ ဖြစ်စဉ်ကို သွားရောက်စစ်ဆေးသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် တာဝန်ရှိသူများအား ပစ်ခတ်တိုက်ခိုက်ခြင်း၊ ပျက်စီးသွားသည့်တံတားကို ပြန်လည်ပြင်ဆင်ပေးသည့် လုပ်သားများအား ပစ်ခတ်တိုက်ခိုက်ခြင်းတို့ပြုလုပ်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်အချို့၊ ဝန်ထမ်းအချို့နှင့် အပြစ်မဲ့ပြည်သူများ သေဆုံးမှု၊ ဒဏ်ရာရမှုရှိခဲ့သည်။ ဇူလိုင်လ ၁၈ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်အတွင်းရှိ ကျောက်တံခါးဘူတာနှင့် ပဲနွယ်ကုန်းဘူတာကြားရှိ ရထားသံလမ်းကို ဖျက်ဆီးခဲ့ကြသဖြင့် ရထားခရီးစဉ်ဖျက်သိမ်းပြီး ပြန်လည်ပြုပြင်ပေးခဲ့သည်။

ဇူလိုင်လ ၂၈ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ပလိပ်ဘူတာနှင့် စဉ့်ကိုင်ဘူတာကြားရှိ ရထားသံလမ်းဆက်ပြားများနှင့် သံလမ်းဆက်မူလီများကို အကြမ်းဖက်အဖျက်သမားများက ဖြုတ်ယူခဲ့ကြသောကြောင့် ရထားလမ်းချော်မှုဖြစ်ပွားခဲ့သည်။ ဩဂုတ်လ ၁၇ ရက်နေ့တွင် မန္တလေး-ရန်ကုန် ကုန်တင်ရထားသည် ရန်ကုန်မြို့သို့ထွက်ခွာလာစဉ် တောင်ကျွဲအင်းမြို့အနောက်မြောက်ဘက် တစ်နေရာ၌ အကြမ်းဖက်သမားများက မိုးထောင်ဖောက်ခွဲတိုက်ခိုက်သဖြင့် ရထားသံလမ်းနှင့်ဇလီဖားတုံးများပျက်စီးပြီး ရထားလမ်းချော်ခဲ့သည်။ အကြမ်းဖက်သမားများသည် အများပြည်သူ ကူးသန်းရောင်းဝယ်မှုနှင့် နေ့စဉ်လူမှုဘဝအတွက် အသုံးပြုနေသော လမ်းတံတားများနှင့် ရထားလမ်းဖောက်ခွဲဖျက်ဆီးမှု အကြိမ် ၉၀ ကျော် ပြုလုပ်ခဲ့သည်။

အကြမ်းဖက်အဖျက်သမားများ၏ လုပ်ရပ်များသည် အစိုးရနှင့်လုံခြုံရေးတပ်ဖွဲ့များကို တိုက်ခိုက်ခြင်းမဟုတ်ဘဲ ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်များကို တိုက်ရိုက်တိုက်ခိုက်ခြင်းဖြစ်ပြီး ပြည်သူလူထုတစ်ရပ်လုံးအား အကြမ်းဖက်တိုက်ခိုက်ခြင်းပင်ဖြစ်သည်။ အကြမ်းဖက်အဖျက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုများကို ပြည်သူလူထုအနေဖြင့် စိုးရိမ်ထိတ်လန့်ပူပန်ခြင်း၊ စက်ဆုပ်ရွံရှာခြင်းများ ဖြစ်ပေါ်လျက်ရှိပြီး ပြည်သူတို့၏ လူမှုစီးပွားထိခိုက်လာမှုများကို မလိုလားသဖြင့် လုံခြုံရေးတပ်ဖွဲ့များနှင့်ပူးပေါင်းဆောင်ရွက်၍ အကြမ်းဖက်သမားများအန္တရာယ်ကို ကာကွယ်တိုက်ဖျက်နေပြီဖြစ်သည်။

သို့ဖြစ်ရာ အကြမ်းဖက်အဖျက်လုပ်ရပ်များကြောင့် ပြည်သူများ ထိခိုက်နစ်နာပျက်စီးဆုံးရှုံးမှုများရှိသကဲ့သို့ အဆိုပါဖျက်ဆီးမှုများသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုနှင့် လူမှုစီးပွားပျက်စီးအောင် ဆောင်ရွက်မှုများဖြစ်သဖြင့် ဆုံးရှုံးမှုများသာမက တိုင်းပြည်ဖွံ့ဖြိုးရေးတွင် ထပ်ဆင့်ကုန်ကျမှုများရှိလာရာ အလွန်ဆိုးရွားသော အများပြည်သူ အကျိုးစီးပွားဖျက်ဆီးသည့်လုပ်ရပ်များကို ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းဆန့်ကျင်ရှုတ်ချကြရမည်ဖြစ်ပါကြောင်း။ ။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အမိန့်အမှတ် ၇၆ / ၂၀၂၃

၁၃၈၅ ခုနှစ်၊ ဝါခေါင်လဆန်း ၃ ရက်
(၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်)

## ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဒေါ်ပြုံးပြုံးအေး အား ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ

အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# နယ်စပ်ရေးရာဝန်ကြီးဌာနမှ ဘုန်းတော်ကြီးကျောင်းများ၊ ပရဟိတကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲ အမယ်လေးမျိုး ဆက်ကပ်လှူဒါန်း



နေပြည်တော် ဩဂုတ် ၁၉

နယ်စပ်ရေးရာ ဝန်ကြီးဌာနသည် နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်များရှိ ဘုန်းတော်ကြီးကျောင်း၊ သီလရှင်ကျောင်းများသို့ ဆွမ်းကွမ်းအခက်အခဲမရှိစေရေး ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲနှင့် အခြားလှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ ဆက်ကပ်လှူဒါန်းလျက်ရှိရာ နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးအောင်တင်ကျော်နှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ကိုင်းကလေးသိဒ္ဓိရတနာ မိုးကုတ်ဝိပဿနာကျောင်းတိုက်ရှိ ဆရာတော်၊ သံဃာတော်များ၊ စာသင်သားသာမဏေများအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ကုလားပဲများကို ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ကျောက်တံခါးမြို့နယ်၌ ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုအခမ်းအနား ကျင်းပ

ကျောက်တံခါး ဩဂုတ် ၁၉

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ်တွင် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်သည့် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီခွဲက အခြေခံပညာအထက်တန်း(ကျောက်တံခါး) ပတ္တမြားခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညွန့်ဆွေက အဖွင့်အမှာစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဌေးက "ကျန်းမာပျော်ရွှင် ပညာသင်ဖို့ ပတ်ဝန်းကျင်ကောင်း ဖန်တီးစို့" ဆောင်ပုဒ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစည်သူစန်းက ဩဂုတ်လ၏ပထမရက်သတ္တပတ်ကို မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ်၊ ဒုတိယရက်သတ္တပတ်ကို ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်၊ တတိယရက်သတ္တပတ်ကို ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်နှင့် စတုတ္ထရက်သတ္တပတ်ကို အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ်အဖြစ် သတ်မှတ်ဆောင်ရွက်နေမှုကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများကို ကျန်းမာရေးစစ်ဆေးခြင်း၊ သန်ချဆေးတိုက်ကျွေးခြင်း၊ အပျိုဖော်ဝင်ဆယ်ကျော်သက် ကျောင်းသူများကို သံဓာတ်အားဆေး ပေးဝေခြင်း၊ အာဟာရတိုက်ကျွေးခြင်းနှင့် ကျောင်းကျန်းမာရေးအာဟာရရက်သတ္တပတ် ပြခန်းများပြုလုပ်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

ကြေးမုံ

| | | | | |
|---|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | | အကြီးတန်း | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | | သတင်းထောက်များ | ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| | | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် | - ဦးနိုင်လင်းကြည်၊ | | စာပြင် | - ဒေါ်ခင်သက်မွန်နှင့်အဖွဲ့ |
| စာတည်းများ | ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဦးကျော်စွာလင်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မာရဝိဇယကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ် ဆင်းတုတော်ကြီး ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေးအတွက် အနုပညာလက်ရာများကိုလည်း အမြင့်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့

**❂ ရှေ့ဖုံးမှ**

ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**နေပြည်တော်ကို နိုင်ငံ၏မြို့တော် ပီသအောင် ဆောင်ရွက်**

ဦးစွာ ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကား ပြောကြားရာတွင် နေပြည်တော်သည် မြန်မာနိုင်ငံ၏ မြို့တော်ဖြစ်ပြီး အုပ်ချုပ်ရေး၏ ဗဟိုချက်ဖြစ်သဖြင့် နေပြည်တော် တိုးတက်အောင် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ နေပြည်တော်ကို နိုင်ငံ၏ မြို့တော်ပီသအောင် ဆောင်ရွက်ရန်လိုကြောင်း၊ ၂၀၁၇ ခုနှစ် နှောင်းပိုင်းတွင် ယခင်နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ဘုရားကြီးတည်ထားကိုးကွယ်ရန်အတွက် ၎င်းထံလှူဒါန်းထားသည့် စကျင်ကျောက်တော်ကြီးကို တပ်မတော်မှ ဦးဆောင်၍ ဘုရားတည်ထားရန်အတွက် လွှဲအပ်ခဲ့ကြောင်း၊ ဘုရားကြီး တည်ထားကိုးကွယ်ရာတွင် ခမ်းခမ်းနားနားနှင့် အကောင်းဆုံးဖြစ်စေရန် ကြိုတင်မြော်တွေးပြီး စဉ်းစားဆောင်ရွက်ခဲ့ကြောင်း၊ ဘုရားတည်ထားရန် မြေနေရာရွေးချယ်ဆောင်ရွက်မှုများကိုလည်း တစ်ပါတည်း လှူဒါန်းသည့် မြေပေါ်တွင် အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ ယခင်မူလ အလှူရှင်မှ လှူဒါန်းထားသည့် ကျောက်တုံးတော်ကြီးကို ဆင်းတုတော်ထုဆစ်နိုင်ရေး အကောင်းဆုံး ကျောက်သားရရှိမှုကို တွက်ချက်ခဲ့ပြီး ဉာဏ်တော် ၆၃ ပေရှိသည့် ဆင်းတုတော်ကြီး ထုဆစ်နိုင်ရန်လိုအပ်သည့်ကျောက်တုံးတော်ရရှိရေး ဆောင်ရွက်ခဲ့ကြောင်း၊ အလားတူ ဂန္ဓကုဋိတိုက်များနှင့် သုဓမ္မာဇရပ်များကိုလည်း ထည့်သွင်းတည်ဆောက်ခဲ့ကြောင်း၊ ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ရာတွင် ကျောက်လုံးတော်ကြီးအား ရတနာပုံခေတ်ဟန် ဘူမိဖဿမုဒြာ ဆင်းတုတော်ကြီးအဖြစ် တည်ထားကိုးကွယ်ရန် ဆောင်ရွက်ခဲ့ကြောင်း၊ ဩဝါဒါစရိယ ဆရာတော်ကြီးများ၏ ဩဝါဒမိန့်ကြားချက်များအရ ဆဋ္ဌသင်္ဂါယနာမူ ပိဋကတ်ကျမ်းစာများကို ကမ္ဘာကပါသိရှိနိုင်ရေးအတွက် စကျင်ကျောက်ချပ်များပေါ်၌ ခေတ်မီစက်ကိရိယာများ အသုံးပြုပြီး ပါဠိအက္ခရာ၊ Romanize Language တို့ဖြင့် ကျောက်စာတော်များ တည်ထားဆောင်ရွက်ခဲ့ကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

**အသေးအဖွဲ့မှအစ အလေးထား ထိန်းသိမ်းဆောင်ရွက်**

မာရဝိဇယ ကျောက်ဆစ်ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်ချိန်တွင် အခက်အခဲအချို့ ကြုံတွေ့ခဲ့ရသော်လည်း လုပ်ငန်းများ အဆင်ပြေချောမွေ့စွာဖြင့် အောင်မြင်ပြီးစီးခဲ့ကြောင်း၊ ဗုဒ္ဓါဘိသေက အနေကဇာတင်သည့်နေ့တွင် ရုပ်ပွားတော် တည်ဆောက်ရေးအတွက် ရရှိသည့် လှူဒါန်းငွေအစုစုကို စာရင်းပိတ်၍ ရေစက်ချ လှူဒါန်းပြီးဖြစ်ကြောင်း၊ မာရဝိဇယ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသည် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်ကြောင်း၊ ဆင်းတုတော်ကြီး ကြည်ညိုသပ္ပာယ်ဖွယ်ဖြစ်စေရေးအတွက် တည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အနုပညာလက်ရာများကိုလည်း အမြင့်ဆုံး၊ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ခဲ့ကြောင်း၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး အပါအဝင် သာသနိက အဆောက်အအုံများ၊ ရင်ပြင်တော်များနှင့် ဘုရားပရိဝုဏ်တော်ကြီးတစ်ခုလုံးအား စကျင်ကျောက်များဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၎င်းကဲ့သို့ ကြီးကျယ်ခမ်းနား ဗိသုကာလက်ရာမြောက်စွာ တည်ဆောက်ခဲ့မှုသည် အခြားမည်သည့်နေရာတွင်မျှ မရှိနိုင်ကြောင်း၊ စကျင်ကျောက်တော်ကြီး ပေါ်ထွန်းလာနိုင်မှု၊ စနစ်တကျကြီးကြပ်ကွပ်ကဲနိုင်မှုနှင့် ကာလဒေသတို့အရလည်း ၎င်းကဲ့သို့ ထပ်မံတည်ဆောက်ရန်မဖြစ်နိုင်ကြောင်း၊ စကျင်ကျောက်ဆိုသည်မှာ မြန်မာ့ထုံးတမ်းစဉ်လာအရ ရတနာတန်းဝင် အဖိုးတန်ကျောက်ဖြစ်ပြီး လာရောက်ဖူးမြော်သူများအနေဖြင့် ငြိမ်းချမ်းမှု၊ အေးမြမှု၊ ဂုဏ်ကျက်သရေရှိမှု စသော ဂုဏ်သတ္တိများကို ရရှိနိုင်ကြောင်း၊ ထို့ကြောင့် ပျက်စီးမှုများမရှိစေရေး စနစ်တကျဖြင့် အသေးအဖွဲ့မှအစ အလေးထား ထိန်းသိမ်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ စကျင်ကျောက်များဖြင့် ထုဆစ်ထားခြင်းဖြစ်သဖြင့် အမြဲသန့်ရှင်းမှုများ ရှိစေရေး ထိန်းသိမ်းဆောင်ရွက်နေရန်လိုကြောင်း၊ ထိန်းသိမ်းမှုများ ဆောင်ရွက်ရာတွင် လိုအပ်နိုင်မည့်ပစ္စည်းများကိုလည်း အရန်ထားရှိ၍ လိုအပ်သည့်အချိန်တွင် အချိန်နှင့် တစ်ပြေးညီ ပြင်ဆင်ဆောင်ရွက်နိုင်ရန်လိုကြောင်း။

> ❂ **မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအပါအဝင် သာသနိက အဆောက်အအုံများ၊ ရင်ပြင်တော်များနှင့် ဘုရားပရိဝုဏ်တော်ကြီးတစ်ခုလုံးအား စကျင်ကျောက်များဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်၊ ၎င်းကဲ့သို့ ကြီးကျယ်ခမ်းနား ဗိသုကာလက်ရာမြောက်စွာ တည်ဆောက်ခဲ့မှုသည် အခြားမည်သည့်နေရာတွင်မျှ မရှိနိုင်၊ စကျင်ကျောက်တော်ကြီး ပေါ်ထွန်းလာနိုင်မှု၊ စနစ်တကျကြီးကြပ်ကွပ်ကဲနိုင်မှုနှင့် ကာလဒေသတို့အရလည်း ၎င်းကဲ့သို့ ထပ်မံတည်ဆောက်ရန်မဖြစ်နိုင်**
>
> ❂ **စကျင်ကျောက်ဆိုသည်မှာ မြန်မာ့ထုံးတမ်းစဉ်လာအရ ရတနာတန်းဝင် အဖိုးတန်ကျောက်ဖြစ်ပြီး လာရောက်ဖူးမြော်သူများအနေဖြင့် ငြိမ်းချမ်းမှု၊ အေးမြမှု၊ ဂုဏ်ကျက်သရေရှိမှု စသော ဂုဏ်သတ္တိများကို ရရှိနိုင်၊ ပျက်စီးမှုများမရှိစေရေး စနစ်တကျဖြင့် အသေးအဖွဲ့မှအစ အလေးထား ထိန်းသိမ်းဆောင်ရွက်သွားကြရန်လို**

**လိုအပ်ချက်များကို ကြိုတင်တွက်ချက်**

ထိန်းသိမ်းမှုများ ဆောင်ရွက်ရာတွင် လိုအပ်ချက်များကို ကြိုတင်တွက်ချက်စဉ်းစားထားရန်လိုကြောင်း၊ လုံခြုံရေး၊ ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ လျှပ်စစ်မီးများ အသုံးပြုခြင်းများအတွက် ဝန်ထမ်းများခန့်ထားရန်လိုကြောင်း၊ ယင်းတို့အတွက် ကုန်ကျစရိတ်များ စီမံဆောင်ရွက်ထားရန်လိုကြောင်း၊ ဆက်လက်လုပ်ဆောင်ရန် လုပ်ငန်းများလည်း ကျန်ရှိသကဲ့သို့ လိုအပ်သည့် ယာဉ်ယန္တရားအပိုပစ္စည်းများ ဖြည့်တင်းရန်လည်းလိုအပ်ကြောင်း၊ အချို့နိုင်ငံများရှိ ဘုရားများ၌လည်း ဝင်ကြေးများ ပေးဆောင်၍ ဝင်ကြရခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် သာမန်ပြည်သူများ ဖူးမြော်နိုင်သည့် သတ်မှတ်နှုန်းထားများကိုသာ သတ်မှတ်ပေးထားခြင်းဖြစ်ကြောင်း၊ ဘုရားကြီး ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ဂေါပကအဖွဲ့များ ဖွဲ့စည်းတာဝန်ပေးအပ် ဆောင်ရွက်ရန်လိုကြောင်း၊ **စာမျက်နှာ ၄ သို့ »»»**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သော မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

»»» စာမျက်နှာ ၃ မှ

- **ဘုရားကြီးပတ်ဝန်းကျင် စိမ်းလန်းသာယာစိုပြည်စေရေးအတွက် စိုက်ပျိုးထားသည့် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင်ဆောင်ရွက်ရန်နှင့် မြက်ဖြတ်ခြင်းများကိုလည်း စနစ်တကျဖြင့်ဆောင်ရွက်နေရန်လို**
- **ဘုရားဖူးကားများ စနစ်တကျရှိစေရေးအတွက်လည်း ဆောင်ရွက်ရန်လို၊ ရဟန်းသံဃာများ၊ သီလရှင်များနှင့် ကျောင်းသား ကျောင်းသူများကို အခမဲ့ဖူးမြော်ခွင့်ပေးသွားမည်ဖြစ်ပြီး ဝန်ထမ်းများကိုလည်း ၅၀ ရာခိုင်နှုန်း လျှော့ချကောက်ခံပေးသွားမည်**
- **ဘုရားကြီးတည်တံ့ခိုင်မြဲရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လိုအပ်သည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သည့်ငွေကြေးများရရှိရေး စက်တင်ဘာ ၃ ရက် နောက်ပိုင်းတွင် ဝင်ကြေးငွေ ကောက်ခံသွားမည်**

ဂေါပကအဖွဲ့ ဖွဲ့စည်းရာတွင်လည်း သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ ခန့်အပ်နိုင်ရေးအတွက် စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း။

ဘုရားကြီးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် အမြဲစိမ်းလန်းစိုပြည်နေစေရေးအတွက် ထိန်းသိမ်းခြင်းလုပ်ငန်းများကို စနစ်တကျဖြင့် ဆောင်ရွက်နေရန်လိုကြောင်း၊ စိုက်ပျိုးထားသည့် မဟာဗောဓိညောင်ပင် အပါအဝင် အခြားသစ်ပင်များ အမြဲရှင်သန်ဖြစ်ထွန်းနေစေရေး ဆောင်ရွက်နေရန်လိုကြောင်း၊ သာသနိကအဆောက်အအုံများ ထိန်းသိမ်းပြင်ဆင်ဆောင်ရွက်ခြင်းများကိုလည်း စနစ်တကျဖြင့်ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ လုပ်ငန်းများအားလုံးကို စနစ်တကျဖြင့် စဉ်းစားစီမံခန့်ခွဲဆောင်ရွက်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ပေးရန်လည်း လိုကြောင်း၊ ထို့ကြောင့် ကမ္ဘာ့အထင်ကရဖြစ်သည့် မာရဝိဇယ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ဆောင်ရွက်နိုင်မည့် အခြေအနေများကို ဆွေးနွေးတင်ပြစေလိုကြောင်း ပြောကြားသည်။

## ရှင်းလင်းတင်ပြ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ အကြံပေးပုဂ္ဂိုလ် ဒုတိယဗိုလ်ချုပ်ကြီး ညိုစောက မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး နေရောင်လရောင်ပမာ ထွန်းလင်းတောက်ပ၊ တန်ခိုးတော်ကြီးမား ကမ္ဘာတည်သရွေ့ နှစ်ပေါင်းရှည်ကြာစွာ တည်တံ့နေစေရန်နှင့် ထေရဝါဒ ဗုဒ္ဓသာသနာတော်ကြီး ပြန့်ပွားစည်ပင် တိုင်းပြည်အေးချမ်းသာယာ တိုးတက်စည်ကားစေရန် ရည်ရွယ်လျက် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ပြုပြင်မွမ်းမံခြင်း၊ စီမံခန့်ခွဲခြင်းဆိုင်ရာ လုပ်ငန်းများအား စနစ်တကျဆောင်ရွက်နိုင်ရန် ဖွဲ့စည်းစီမံဆောင်ရွက်ခြင်းဆိုင်ရာများ၊ အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူ၊ ဝန်ထမ်း၊ ကျောင်းသားကျောင်းသူများ နေ့အလိုက် လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိမှုနှင့် စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများ လှူဒါန်းလျက်ရှိမှု၊ E-Ticket ဝင်ခွင့်လက်မှတ်ဖြင့် ဆောင်ရွက်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိမှု၊ ငွေကြေးကောက်ခံရန် စီစဉ်ဆောင်ရွက်ထားရှိမှု၊ ရဟန်း၊ သံဃာ၊ သီလရှင်များ၊ ကျောင်းအစီအစဉ်ဖြင့် လာရောက်သည့် ကျောင်းသားကျောင်းသူများကို အခမဲ့ ဖူးမြော်ခွင့်နှင့် ဝန်ထမ်းများအား ဝန်ထမ်းကတ်ဖြင့် ၅၀ ရာခိုင်နှုန်း လျှော့ချကောက်ခံရန် ဆောင်ရွက်ထားရှိမှု၊ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့်တကွ ကျောက်စာရုံ ဘုရားစေတီများအပါအဝင် တန်ဖိုးမဖြတ်နိုင်လောက်သည့် သာသနိကအဆောက်အအုံများ နေရောင်လရောင်ပမာ ထွန်းလင်းတောက်ပ ကမ္ဘာတည်သရွေ့ နှစ်ပေါင်းရှည်ကြာစွာ တည်တံ့စေရေး၊ တိုးတက်စည်ပင်အောင် ဆောင်ရွက်နိုင်ရေးနှင့် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓသန္တက ပစ္စည်းများကို ထိန်းသိမ်းဆောင်ရွက်ခြင်း၊ အကျိုးရှိစွာအသုံးပြုခြင်း၊ စီမံခန့်ခွဲခြင်းစသည့်လုပ်ငန်းများ ဆောင်ရွက်ရာတွင် ဦးဆောင်မှုပေးခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ ဆောင်ရွက်နိုင်ရန်အတွက် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့၊ နာယကအဖွဲ့၊ ထိန်းသိမ်းစောင့်ရှောက်ရေးဦးစီးကော်မတီ၊ ဂေါပကအဖွဲ့၊ ဂေါပကအကြံပေးအဖွဲ့၊ အထောက်အကူပြုအဖွဲ့များ ဖွဲ့စည်းခြင်း၊ လုံခြုံရေးဆိုင်ရာများနှင့် ဘုရားကြီးဝေယျာဝစ္စနှင့် ဆက်စပ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စီမံဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်စွာလင်းက ဂေါပကအဖွဲ့များ ဖွဲ့စည်းခြင်း၊ ကဏ္ဍများအလိုက် လိုအပ်သည့်ဌာနများဖွဲ့စည်းရန် လျာထားမှုများကိုလည်းကောင်း၊ ဗိုလ်မှူးချုပ်ဇော်နိုင်ဦးက ရေပန်းရင်ပြင်နှင့် ကျောက်စာရုံများအား Drone ဖြင့် 360 ဒီဂရီ ဗီဒီယိုမှတ်တမ်းရိုက်ကူးထားရှိမှု၊ ရဟန္တာကျောင်းဆောင်တော် နှစ်ဆောင်ဆောက်လုပ်ရန် လျာထားဆောင်ရွက်နေမှု၊ ဂန္ဓကုဋီတိုက် အပြင်ဘက်တွင် အင်္ဂတေစိန်တောင် တည်ဆောက်ခြင်းလုပ်ငန်းများဆောင်ရွက်နေမှု၊ အာရုံခံတန်ဆောင်း နှစ်ဆောင် တည်ဆောက်နေမှု၊ လက်ဆေးဘေစင်များ တပ်ဆင်ပြီးစီးမှု၊ မော်ကွန်းတိုက်အတွင်း ပစ္စည်းများ ထည့်သွင်းပြသထားရှိမှု၊ ဆွမ်းစားဆောင် တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ရေပန်းရင်ပြင် စကျင်ကျောက်ပြားခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ မုခ်ဦးများ၌ လက်မှတ်အရောင်းဌာနများ တည်ဆောက်ရန်လျာထားမှု၊ ရေပန်းဝိုင်းအလှူရှင် ကမ္ပည်းများတပ်ဆင်ရန် လျာထားမှု၊ ပန်းအလှပင်နှင့် အရိပ်ရလေကာပင်များ စိုက်ပျိုးထားရှိမှုနှင့် ဆက်လက်စိုက်ပျိုးနေသည့် အခြေအနေများ၊ ဘုရားဖူးလာပြည်သူများ အဆင်ပြေစေရေးအတွက် သန့်ရှင်းရေးနှင့် စောင့်ကြည့် ဝန်ထမ်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိမှု၊ ဘုရားကြီးသန့်ရှင်းသာယာလှပရေးအတွက် စနစ်တကျဖြင့် ဆောင်ရွက်လျက်ရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဆောက်လုပ်ရေးဝန်ကြီး ဦးမျိုးသန့်က အမြန်လမ်းမှ ဘုရားကြီးသို့ အဝင်လမ်း ဆောင်ရွက်ထားရှိမှုနှင့် လုံခြုံရေးဂိတ်၊ စစ်ဆေးရေးဂိတ်များ တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးက မြတ်မင်္ဂလာလမ်း အဆင့်မြှင့်တင်နိုင်ရေးဆောင်ရွက်မည့် အခြေအနေများကို လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ကံမြင့်သန်းက နည်းပညာမှတ်တမ်းစာအုပ်နှင့် ဒီဇိုင်းပိုင်းဆိုင်ရာ မှတ်တမ်းစာအုပ်များ ပြုစုဆောင်ရွက်ထားရှိမှု၊ ဘုရားကြီးရေရှည်တည်တံ့ခိုင်မြဲစေရေး ဆောင်ရွက်သွားရမည့်အချက်များနှင့် နည်းလမ်းများ ပြုစုဆောင်ရွက်ထားရှိမှုတို့ကို လည်းကောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းက မာရဝိဇယ ဘုရားကြီး ဩဝါဒါစရိယဆရာတော်ကြီးများအဖွဲ့ ဖွဲ့စည်းခြင်းကို လည်းကောင်း၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ဝေလင်းက လုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြသည်။

## ဘုရားကြီးအတွင်းသို့ စည်းကမ်းမဲ့ ဝင်ရောက်မှုများမရှိစေရေး ဆောင်ရွက်

ရှင်းလင်းတင်ပြမှုများအပေါ် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘုရားကြီးအတွင်းသို့ စည်းကမ်းမဲ့ ဝင်ရောက်မှုများမရှိစေရေး ဆောင်ရွက်ရန်လိုကြောင်း၊ ဝန်ထမ်းများ သွားလာမှု အဆင်ပြေစေရေးအတွက်လည်း စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ လျှပ်စစ်မီးသုံးစွဲမှု သက်သာစေရေးအတွက်လည်း စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ လျှပ်စစ်မီးသုံးစွဲမှုကို လျှော့ချပေးနိုင်ရန်အတွက် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မီးများကိုလည်း တပ်ဆင်ပေးထားကြောင်း၊ သောက်သုံးရေများလည်း စဉ်ဆက်မပြတ်ရရှိအောင် စဉ်းစားဆောင်ရွက်ရန်လိုကြောင်း၊ ဘုရားကြီးပတ်ဝန်းကျင်စိမ်းလန်းသာယာစိုပြည်စေရေးအတွက် စိုက်ပျိုးထားသည့် သစ်ပင်များ ရှင်သန်ဖြစ်ထွန်းအောင်ဆောင်ရွက်ရန်နှင့် မြက်ဖြတ်ခြင်းများကိုလည်း စနစ်တကျဖြင့်ဆောင်ရွက်နေရန်လိုကြောင်း၊ ဘုရားဖူးကားများ စနစ်တကျရှိစေရေး အတွက်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ ရဟန်းသံဃာများ၊ သီလရှင်များနှင့် ကျောင်းသားကျောင်းသူများကို အခမဲ့ဖူးမြော်ခွင့်ပေးသွားမည်ဖြစ်ပြီး ဝန်ထမ်းများကိုလည်း ၅၀ ရာခိုင်နှုန်း လျှော့ချကောက်ခံပေးသွားမည်ဖြစ်ကြောင်း၊ ဘုရားကြီး တည်တံ့ခိုင်မြဲရေးနှင့် သန့်ရှင်းသာယာလှပရေးအတွက် လိုအပ်သည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သည့်ငွေကြေးများ ရရှိရေး စက်တင်ဘာ ၃ ရက် နောက်ပိုင်းတွင် ဝင်ကြေးငွေ ကောက်ခံသွားမည်ဖြစ်ကြောင်း၊ ရရှိသည့် အခြေအနေအပေါ်မူတည်ပြီး သုံးသပ်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း ပြောကြားပြီး အခြားလိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

## လှည့်လည်ဖူးမြော်ကြည်ညို

ယင်းနောက် အစည်းအဝေးအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်ကြီးတွင် လည်းကောင်း၊ ဂန္ဓကုဋီတိုက်များတွင် လည်းကောင်း၊ စိုက်ပျိုးထားသည့် မဟာဗောဓိညောင်ပင် ပရိဝုဏ်အတွင်းတွင်လည်းကောင်း၊ ရေပန်းရင်ပြင်တွင်လည်းကောင်း၊ အဂ္ဂါဓိပတိသာသနဗိမာန်တော်ကြီးအတွင်း လည်းကောင်း လှည့်လည်ဖူးမြော် ကြည်ညိုကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ဘုရားဖူးလာပြည်သူများကို ခင်မင်ရင်းနှီးစွာဖြင့် နှုတ်ဆက်သည်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားများကို ဩဂုတ် ၁ ရက်တွင် စည်ကားသိုက်မြိုက်စွာဖြင့် ကျင်းပပြုလုပ်ခဲ့ပြီး ဩဂုတ် ၈ ရက်မှစတင်၍ ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုခွင့်ပေးခဲ့ကာ နေ့စဉ် နိုင်ငံတစ်ဝန်းမှ ရဟန်းရှင်လူပြည်သူ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားသိုက်မြိုက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ယူနန်ရုပ်မြင်သံကြားဌာနသို့ သွားရောက်လေ့လာ CGTN နှင့် “ပေါက်ဖော်” မဂ္ဂဇင်းတို့၏ မေးမြန်းမှုများကို ဖြေကြား

ကူမင်း ဩဂုတ် ၁၉

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲပိုင်းတွင် ယူနန်ပြည်နယ် ကူမင်းမြို့ရှိ ယူနန်ရုပ်မြင်သံကြားဌာန (Yunan Television YNTV)သို့ သွားရောက်လေ့လာရာ YNTV မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ယူနန်ရုပ်မြင်သံကြားဌာနကို ၁၉၆၉ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် စတင်တည်ထောင်ခဲ့ပြီး ရုပ်သံလိုင်း ၁၀ ခုဖြင့် ထုတ်လွှင့်လျက်ရှိကာ ရုပ်သံဇာတ်လမ်းတွဲများသည် တရုတ်နိုင်ငံအပါအဝင် ယူနန်ပြည်နယ်သို့ ကမ္ဘာလှည့်ခရီးသွားများ တိုးပွားလာစေရေးကို ကောင်းစွာအထောက်အကူပြုကြောင်း သိရသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း China Global Television Net (CGTN)မှ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားစဉ်။

**ဆွေးနွေး**

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ယူနန်ရုပ်မြင်သံကြားပြတိုက် ထုတ်လွှင့်မှုဆောင်ရွက်လျက်ရှိသည့် Studio များကို လှည့်လည်ကြည့်ရှုကြပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ယူနန်ရုပ်မြင်သံကြားတို့အကြား ယခင်ပူးပေါင်းဆောင်ရွက်ခဲ့မှု၊ ယခုပူးပေါင်းလုပ်ဆောင်နေမှုများနှင့် ရုပ်သံကဏ္ဍအပါအဝင် မီဒီယာကဏ္ဍများတွင် ပိုမိုကျယ်ကျယ်ပြန့်ပြန့်နှင့် ထိထိရောက်ရောက်ဖြစ်စေရေး ဆောင်ရွက်နိုင်မည့်အခြေအနေများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့် ကိုယ်စားလှယ်အဖွဲ့ ကူမင်းဆေးဘက်ဆိုင်ရာတက္ကသိုလ်သို့ သွားရောက်လေ့လာစဉ်။

မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ယူနန်ရုပ်မြင်သံကြားတို့ ဇာတ်လမ်းတွဲများ မြန်မာစာတမ်းထိုး၍ ပြသခြင်း၊ လှပသောမြန်မာ(Beautiful Myanmar) Promo Video Short Clip ရိုက်ကူးခြင်းအပါအဝင် ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး ယူနန်ရုပ်မြင်သံကြားဌာနက ဆောင်ရွက်လျက်ရှိသော “လန်ချန်း-မဲခေါင် Look App” တွင်လည်း မဲခေါင်-လန်ချန်းအဖွဲ့ဝင် တစ်နိုင်ငံဖြစ်သည့်အားလျော်စွာ ပါဝင်နိုင်ရေး ဆက်လက်လုပ်ဆောင်ရန် သဘောတူထားပြီးဖြစ်သည်။

**လက်ခံတွေ့ဆုံ**

ပြည်ထောင်စုဝန်ကြီးသည် ယမန်နေ့ညနေပိုင်းက China Global Television Net(CGTN)နှင့် ယနေ့နံနက်ပိုင်းတွင် ပေါက်ဖော်မဂ္ဂဇင်းတို့အား လက်ခံတွေ့ဆုံပြီး သိရှိလိုသည်များ မေးမြန်းမှုများအပေါ် ပြန်လည်ဖြေကြားသည်။

ထို့အပြင် မဲခေါင်-လန်ချန်း အပလီကေးရှင်း ဆောင်ရွက်နေမှုနှင့်ပတ်သက်၍လည်း ဝမ်းမြောက်ကြောင်း မုဒိတာစကားပြောကြားသည်။ ယင်းအပလီကေးရှင်းကို တရုတ်၊ ကမ္ဘောဒီးယားနှင့် ထိုင်းဘာသာစကားတို့ဖြင့် စတင်စမ်းသပ် ထုတ်လွှင့်နေပြီဖြစ်ပြီး ၂၀၂၅ ခုနှစ်အကုန်တွင် မဲခေါင်-လန်ချန်း အဖွဲ့ဝင် အားလုံးပါဝင်သည့် အပလီကေးရှင်းဖြစ်စေရေး ရည်ရွယ်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

ထို့အပြင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကူမင်းဆေးဘက်ဆိုင်ရာတက္ကသိုလ်(Kunming Medical University)သို့ သွားရောက်လေ့လာခဲ့ရာ တက္ကသိုလ်မှ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**ပူးပေါင်းဆောင်ရွက်လျက်ရှိ**

ယင်းတက္ကသိုလ်ကို ယူနန်ဆေးဘက်ဆိုင်ရာကောလိပ်အဖြစ်မှ ၂၀၁၂ ခုနှစ်တွင် ကူမင်းဆေးဘက်ဆိုင်ရာတက္ကသိုလ်အဖြစ် ဖွဲ့စည်းခဲ့ကြောင်း၊ ၁၉၅၆ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့သည့် Independent Medical Education Institutions မှ စတင်အခြေတည်ကာ အဆင့်ဆင့် တိုးတက်ဖွဲ့စည်းခဲ့သည့် တက္ကသိုလ်တစ်ခုဖြစ်ပြီး အခြားဆေးတက္ကသိုလ်ပေါင်း ၉၀ ကျော်နှင့် သင်ကြားမှုဆိုင်ရာများတွင်လည်းကောင်း၊ ဆေးသုတေသနလုပ်ငန်းများအတွက် နိုင်ငံ ၂၉ နိုင်ငံနှင့်လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ယင်းတက္ကသိုလ်က မွေးထုတ်ပေးလိုက်သော ပါရဂူဘွဲ့၊ မာစတာဘွဲ့၊ ဒေါက်တာဘွဲ့၊ ဆေးဘက်ဆိုင်ရာနှင့် ဆက်စပ်သည့် ဘွဲ့ရပညာတတ်များသည် တရုတ်နိုင်ငံ၏ ဝေးလံခေါင်သီသော နေရာများနှင့် အခြေခံလူတန်းစားတို့အတွက် ကျန်းမာရေးစောင့်ရှောက်မှုများကို ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ကြောင်းနှင့် သက်ဆိုင်ရာဒေသများ၏ စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်ရေးများ၊ ဒေသတည်ငြိမ်အေးချမ်းရေးများ၊ ဒေသခံတိုင်းရင်းသား ပြည်သူများအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရှိစေရန်တို့အတွက် ထိရောက်စွာ အထောက်အပံ့ပြုနိုင်ခဲ့ကြောင်း၊ ဆေးပညာအပါအဝင် ဆေးပညာနှင့် ဆက်စပ်သည့်ဘာသာရပ်များကို ပို့ချပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# ကျောင်းကုန်းမြို့၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များလှုပ်ရှားမှု အခမ်းအနားကျင်းပ

ကျောင်းကုန်း ဩဂုတ် ၁၉

ဧရာဝတီ တိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ၂၀၂၃ ခုနှစ် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ လှုပ်ရှားမှုအခမ်းအနားကို မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ ဒေါ်သန်းတင်ခန်းမ၌ ယနေ့မွန်းလွဲပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးနိုင်က အသက်(၅)နှစ်အောက် ကလေးများအား ဗီတာမင်အေနှင့် သန်ချဆေးတိုက်ကျွေးခြင်း၊ အသက်(၆)လမှ(၁)နှစ်ထိ ကလေးများအား ဗီတာမင်အေ တစ်သိန်းယူနစ် တိုက်ကျွေးခြင်း၊ အသက်(၁)နှစ်မှ (၅)နှစ်ထိ ကလေးများအား ဗီတာမင်အေ နှစ်သိန်းယူနစ် တိုက်ကျွေးခြင်း၊ အသက်(၂)နှစ်မှ (၅)နှစ်ထိ ကလေးများအား ဗီတာမင်အေ နှစ်သိန်းယူနစ်နှင့် သန်ချဆေး တိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်များအား သံဓာတ်အားဆေး တိုက်ကျွေးခြင်း၊ သုံးလအထက် ကိုယ်ဝန်ဆောင်များအား သန်ချဆေး တိုက်ကျွေးခြင်း၊ ရှစ်လအထက် ကိုယ်ဝန်ဆောင်များအား ဗီတာမင်အေဆေးလုံးနှင့် ဗီတာမင်ဘီဝမ်းဆေးပြားများ တိုက်ကျွေးခြင်းများ ဆောင်ရွက်ခဲ့ကြသည်။




**တက်ရောက်**

အခမ်းအနားသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ဆရာဝန်ကြီး ဒေါက်တာအေးနိုင်နှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ၊ မိခင်နှင့် ကလေးကျန်းမာရေးမြှင့်တင်သူများ၊ အသက်(၅)နှစ်အောက် ကလေးများ၊ ကိုယ်ဝန်ဆောင် မိခင်များနှင့် နို့တိုက်မိခင်များ တက်ရောက်ကြကြောင်း သိရသည်။

ဝင်းကြိုင်(ပြန်/ဆက်)

# ချောင်းဆုံမြို့နယ်၌ လူငယ်စကားဝိုင်းများ ကျင်းပ

ချောင်းဆုံ ဩဂုတ် ၁၉

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် ဗလငါးတန်နှင့်ပြည့်စုံသည့် ကျောင်းသားလူငယ်များ ပေါ်ထွန်းလာစေရေးအတွက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ဩဂုတ် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် အထက (မုရစ်ကလေး)နှင့် အလက (ကွမ်လှာ) တို့၌ လူငယ်စကားဝိုင်းများ ကျင်းပသည်။

အလက(ကွမ်လှာ)၌ ကျင်းပသည့် အခမ်းအနားတွင် ဒုတိယမြို့နယ်ပညာရေးမှူး ဦးတင်မျိုးနိုင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိသူဇာက ကျောင်းသားလူငယ်များ ထူးချွန်ထက်မြက်ပြီး လူတော်လူကောင်းများ ပေါ်ထွန်းလာစေရန်၊ အစုအဖွဲ့ဖြင့် ညှိနှိုင်းတိုင်ပင်ဆွေးနွေးတတ်သည့်သူများ ဖြစ်လာစေရန်အတွက် လူငယ်စကားဝိုင်း ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မိသူဇာနှင့် အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သက်ငုံဖူး၊ အလက(ကွမ်လှာ) ကျောင်းအုပ်ဆရာကြီး ဦးမင်းစိုးမိုးထိုက်တို့နှင့် ကျောင်းသား ကျောင်းသူများက လူငယ်နှင့် ပညာရေး၊ လူငယ်နှင့် ယဉ်ကျေးမှုတန်ဖိုး၊ လူငယ်နှင့် အားကစား၊ လူငယ်နှင့်စာဖတ်ခြင်း အကျိုးကျေးဇူးနှင့် လူငယ်နှင့် ပေါင်းသင်းဆက်ဆံရေး ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြပြီး အသိပညာပေး နံရံကပ်စာစောင်ပြသခဲ့ကြောင်း သိရသည်။

ချောင်းဆုံ(ပြန်/ဆက်)



**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**

# ရန်မာန်ကင်း၍ ငြိမ်းအေးစေသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်

**အလင်းသစ်**

မြန်မာနိုင်ငံသာမက ကမ္ဘာသို့တိုင် မင်္ဂလာသတင်းသင်းပျံ့မွှေးခဲ့သော ထေရဝါဒဗုဒ္ဓသာသနာတော်၏ ပြယုဂ်ဖြစ်သည့် မာရဝိဇယစကျင်ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပြီးကတည်းက တိုင်းသူပြည်သား ကမ္ဘာသူကမ္ဘာသားတို့ ငြိမ်းချမ်းစွာရှင်သန်ရပ်တည်ရေးအကျိုးငှာ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် ကိန်းဝပ်စံပယ်တော်မူလျက်ရှိသည်ကို သတင်းမီဒီယာများက အထင်အရှားရေးသားဖော်ပြကြသည်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ ပန်းပွတ်လက်ရာများဖြင့် တည်ဆောက်ထားသည့် သုဓမ္မာဇရပ်ကို တွေ့ရစဉ်။

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ပလ္လင်တော်အမြင့်မှာ ၁၈ ပေရှိပြီး ရုပ်ပွားတော်မြတ်ကြီး၏ ဥဏှိတော်အမြင့်မှာ ၆၃ ပေရှိသည်။ ရုပ်ပွားတော်နှင့် ပလ္လင်တော်စုစုပေါင်း ဥဏှိတော်အမြင့်မှာ ၈၁ ပေရှိသည်။ ရုပ်ပွားတော်မြတ်ကြီးနှင့် ပလ္လင်တော်ကြီး၏ စုစုပေါင်းအလေးချိန်မှာ ၅၂၈၂ တန်ရှိပြီး ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်များတွင် ဥဏှိတော်အမြင့်ဆုံးဖြစ်သော မာရဝိဇယဘွဲ့တော်အမည်ရ စကျင်ကျောက်ဆစ် ရုပ်ပွားတော်မြတ်ကြီးအား နေပြည်တော် ပြည်ထောင်စုနယ်မြေ ဒက္ခိဏသီရိမြို့နယ်တွင် တည်ထားတော်မူခဲ့ကာ အများပြည်သူ ဖူးမြော်ကြည်ညိုနိုင်ရန် ဖွင့်လှစ်ခဲ့ချိန်မှစ၍ ယနေ့တိုင် နေ့စဉ်မပြတ် ပြည်တွင်းပြည်ပ ဘုရားဖူးဧည့်သည်များဖြင့် အထူးစည်ကားလျက်ရှိသည်။

မာရဝိဇယ ဘွဲ့တော်အမည်သည် "မာရ်နတ်မင်း၏ အနှောင့်အယှက် အန္တရာယ် ရန်စွယ်အပေါင်းကို အထူးအောင်မြင်တော်မူသော မြတ်စွာဘုရား" ဟု အဓိပ္ပာယ်ရသည်။

**ထုဆစ်တည်ထား**

ရုပ်ပွားတော်မြတ်ကြီးအား ထုဆစ်တည်ထားရာတွင် ဦးဆောင်ဘုရားဒါယကာသည် နိုင်ငံတော်ဩဝါဒါစရိယဆရာတော်ကြီးများ၏ လမ်းညွှန်ချက်များ၊ သာသနာတော်ထုံး၊ စေတီပုထိုးရုပ်ပွားဆင်းတုတော်များထုံး၊ မြန်မာ့ရိုးရာ ထုံးတမ်းစဉ်လာများနှင့်အညီ မြတ်စွာဘုရားရှင်၏ လက္ခဏာကြီး ၃၂ ပါး၊ လက္ခဏာငယ် အပါး ၈၀ တို့နှင့် ပြည့်စုံစေလျက် ကျွမ်းကျင်ပညာရှင်များဖြင့် သပ္ပာယ်စွာ ထုဆစ်ခဲ့ခြင်းဖြစ်သည်။

ထို့ပြင် သဗ္ဗဒါနံ၊ ဓမ္မဒါနံ၊ ဇိနာတိ ဆိုသည့် အလှူဒါနအားလုံးတို့တွင် တရားအလှူသည် အမြတ်ဆုံးဖြစ်သည် ဟူသော ပါဠိတော်လာအတိုင်း မြတ်စွာဘုရားရှင် ဟောကြားတော်မူခဲ့သော ပိဋကတ်သုံးပုံ တရားတော်များကို ဆဋ္ဌသင်္ဂါယနာမူအတိုင်း ကျောက်ထက်အက္ခရာတင် ရေးထိုး၍ ပူဇော်ခဲ့သည်။ ပိဋကတ်တော်လာ ကျောက်စာများကို ပါဠိ၊ ရိုမန် နှစ်ဘာသာဖြင့် ရေးထိုးခဲ့ပြီး ကျောက်စာရုံစေတီတော် ၇၂၀ စိုက်ထူလျက် ဓမ္မစေတီများအဖြစ် တည်ထားပူဇော်ထားသည်ကို ကြည်ညိုဖွယ်ဖူးတွေ့ရမည်ဖြစ်သည်။

ဗုဒ္ဓမြတ်စွာဘုရားရှင်အဖြစ်သို့ ရောက်ရှိတော်မူပြီးနောက် သတ္တသတ္တာဟခုနစ်ဌာနအနက် ဆဋ္ဌမမြောက် သတ္တာဟဖြစ်သော မုစလိန္ဒသတ္တာဟ (နဂါးရုံဘုရား)ကိုလည်း ဗုဒ္ဓဝင်ကျမ်းများမှ ပြဆိုသည့်အတိုင်း မုစလိန္ဒ ရေကန်တော်နှင့် ကျည်းပင်များကို စိုက်ပျိုး၍ တင့်တယ်သပ္ပာယ်စွာ တည်ထားခဲ့သည်။ သာသနိက အဆောက်အအုံများအဖြစ် သဒ္ဒါဓိပတိခေါင်းလောင်းတော်ကြီး၊ မဟာအောင်မြေ၊ ရေပန်းဥယျာဉ်နှင့် ရင်ပြင်တော်၊ အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီးတို့ကို တည်ထားခဲ့ကာ မဟာဗောဓိပင်ကိုလည်း ပရိဘောဂစေတီအဖြစ် စိုက်ပျိုးပူဇော်ခဲ့သည်။

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့( ခရစ်သက္ကရာဇ် ၂၀၂၃ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့)နံနက်ပိုင်းတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင် ဘိသိက်သွန်းလောင်းပူဇော်ခြင်းနှင့် ကျောက်စာရုံစေတီများအား ရွှေထီးတော်တင်လှူပူဇော် ရေစက်ချပြီးချိန်တွင် မြတ်စွာဘုရားရှင်တို့၏ လက္ခဏာတော်ကြီးငယ်တို့နှင့် တင့်တယ်သော ရတနာပုံခေတ် ဘူမိဖဿမုဒြာဟန်နှင့် မာရဝိဇယ ရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတစ်ဝန်းရှိ ပြည်သူများသာမက ကမ္ဘာကပါ သိရှိဖူးမြော်နိုင်ကြပြီ ဖြစ်ပါသည်။

**ပီတိမျက်ရည်ဝိုင်းလျက် ခံစားရ**

ရုပ်ပွားတော်မြတ်ကြီးတည်ဆောက်စဉ်က ကြီးမားလှသော စကျင်ကျောက်တုံးကြီးများကို ရုပ်မြင်သံကြားမှ ကြည့်ရင်း ကြီးမားလိုက်တာဟု အံ့ဩရုံသာရှိသည်။ ရုပ်ပွားတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားကို ရုပ်မြင်သံကြားမှ ကြည့်ရသောအခါတွင်မူ မြန်မာပဲ့ဟု လက်သီးဆုပ်ကာ ပီတိမျက်ရည်ဝိုင်းလျက် ခံစားရပါသည်ဟု ပြောပြသူများစွာရှိသည်။ ကိုယ်တိုင်လည်း ခံစားရပါသည်။

ရုပ်ပွားတော်မြတ်ကြီး ရှေ့မှောက် ကြည်ညိုဝပ်တွားမိချိန်တွင် ဗုဒ္ဓ၏ တင့်တယ်လှသော ဘုန်းကျက်သရေတော်နှင့် တည်ငြိမ်ခြင်း၊ ငြိမ်းချမ်းခြင်း ခံစားမှုများ၊ ကျောက်စာရုံစေတီတော်များမှ ဓမ္မ၏အေးချမ်းခြင်းအငွေ့အသက်များ၊ ဦးဆောင်ဘုရားဒါယကာနှင့် အလှူရှင်များ၏ သဒ္ဓါ၊ စေတနာ၊ မေတ္တာရိပ်များ၊ စကျင်ကျောက်သား အဆောက်အအုံတို့၏ သန့်စင်သော၊ အေးမြသော အထိအတွေ့တို့က ဘုရားဖူးမြော်ချင်သည့် မူလစိတ်အပေါ် လွှမ်းခြုံမိသောအခါ ဘုရား၊ တရားဟူသော ကြည်ညိုစွာ ရေရွတ်သံများ၊ သာဓု၊ သာဓု၊ သာဓုဟု ဆောက်တည်လှူဒါန်း ပူဇော်မှုများအပေါ် ကျေနပ်စွာ ပီတိသောမနဿ ခံစားလျက် ဝမ်းမြောက်ကြသူများကို နေရာမလပ်တွေ့မြင်ခဲ့ရသည်။

ပုဂံခေတ်တွင် သုဝဏ္ဏဘူမိ သထုံပြည်မှ ပုဂံပြည်သို့ ထေရဝါဒဗုဒ္ဓသာသနာတော် စတင်ရောက်ရှိချိန်မှစ၍ ရှေးမင်းအဆက်ဆက်တို့သည် လည်းကောင်း၊ ပြည်သူပြည်သားတို့သည် လည်းကောင်း မြန်မာနိုင်ငံ နေရာအနှံ့အပြားတွင် စေတီပုထိုးများ တည်ထားကိုးကွယ်ခဲ့ကြသည်။

**ကျောက်ထက်အက္ခရာတင် ရေးထိုးခဲ့ကြ**

ကုသိုလ်ရှင်၊ အလှူရှင်များသည် မိမိတို့၏ကောင်းမှုအဖို့ဘာဂကိုအမျှပေးဝေခြင်းနှင့် အလှူဒါနတို့ကို ဖျက်ဆီးသူများကို ကျိန်စာပြုခြင်းများ၊ မိမိတို့၏ ရည်ရွယ်ချက်များကို ဥဒါန်းကျူးရင့်၍ ကောင်းမှုမော်ကွန်းများကို ကျောက်ထက်အက္ခရာတင် ရေးထိုးခဲ့ကြသည်။ မွန်ဘာသာဖြင့် ရေးထိုးထားသော ရွှေစည်းခုံကျောက်စာတွင် "များစွာသော သူခပ်သိမ်းတို့သည် သားတကွဲ၊ မယားတကွဲ၊ မိတကွဲ၊ ဖတကွဲဖြစ်ကြရကုန်၏။ ထိုသူတို့၏ ဒုက္ခကို ငါငြိမ်းပါအံ့။ ထိုသူတို့၏ မျက်ရည်ကို ငါသုတ်ပါအံ့။ ငါ၏ယာလက်ဖြင့် ဆန်စပါးရိက္ခာကို ပေးအံ့။ ငါ၏ဝဲလက်ဖြင့် ဝတ်စားတန်ဆာကို ပေးအံ့။ အမိသည် သားငယ်ကို ရင်ခွင်၌ နှစ်သိမ့်စေသကဲ့သို့ ငါသည်လည်း တိုင်းသူပြည်သားတို့ကို နှစ်သိမ့်အံ့"ဟု ကျန်စစ်သားမင်းကြီးက ဥဒါန်းမော်ကွန်းရေးထိုးခဲ့သည်။

ဤသို့ဖြင့် ပုဂံခေတ်တွင် ကျိန်ဆိုမော်ကွန်း ကျောက်စာများရေးထိုးခဲ့ပြီး စေတနာသဒ္ဓါတရားနှင့် မိမိတို့အလှူကို ကာကွယ်မှုများ တွေ့နိုင်ပါသည်။

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဗုဒ္ဓဥယျာဉ်တော်၊ ကျောက်စာရုံစေတီတော်နှင့်သာသနိကအဆောက်အအုံများ တည်ဆောက်ပူဇော် လှူဒါန်းခဲ့သော ဦးဆောင်ဘုရားဒါယကာနှင့် အလှူရှင်များ၏ ကောင်းမှုကုသိုလ်တော်များကိုလည်း ကမ္ပည်းမော်ကွန်းရေးထိုးပြီး ဆုတောင်းပတ္ထနာ ပြုခဲ့သည်ဖြစ်ရာ ကမ္ပည်းကျောက်စာတော်တို့ကို ဖတ်ရှုပြီး ဦးဆောင်ဘုရားဒါယကာနှင့် အလှူရှင်အပေါင်းတို့၏ စေတနာမေတ္တာနှင့် ရည်ရွယ်ချက်တို့ကို တွေ့မြင်နိုင်လျက် အလှူရှင်တို့နှင့်အတူ ထပ်တူထပ်မျှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ကြမည် ဖြစ်ပါသည်။

**ပတ္ထနာဆုတောင်း**

ဤသို့လျှင် မြတ်နိုးကြည်ညိုဖွယ်ရာ ဂုဏ်တော်အထူးတို့နှင့် ပြည့်စုံတော်မူသော မာရဝိဇယရုပ်ပွားတော်

စာမျက်နှာ ၇ သို့ ❁



သဒ္ဒါဓိပတိခေါင်းလောင်းတော်ကြီး

**"ရုပ်ပွားတော်မြတ်ကြီးရှေ့မှောက် ကြည်ညိုဝပ်တွားမိချိန်တွင် ဗုဒ္ဓ၏တင့်တယ်လှသော ဘုန်းကျက်သရေတော်နှင့် တည်ငြိမ်ခြင်း၊ ငြိမ်းချမ်းခြင်းခံစားမှုများ၊ ကျောက်စာရုံစေတီတော်များမှ ဓမ္မ၏အေးချမ်းခြင်းအငွေ့အသက်များ၊ ဦးဆောင်ဘုရားဒါယကာနှင့် အလှူရှင်များ၏ သဒ္ဓါ၊ စေတနာ၊ မေတ္တာရိပ်များ၊ စကျင်ကျောက်သား အဆောက်အအုံတို့၏ သန့်စင်သော၊ အေးမြသောအထိအတွေ့တို့က ဘုရားဖူးမြော်ချင်သည့် မူလစိတ်အပေါ် လွှမ်းခြုံမိသောအခါ ဘုရား၊ တရားဟူသော ကြည်ညိုစွာ ရေရွတ်သံများ၊ သာဓု၊ သာဓု၊ သာဓုဟု ဆောက်တည်လှူဒါန်း ပူဇော်မှုများအပေါ် ကျေနပ်စွာ ပီတိသောမနဿခံစား. . ."**

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူ တစ်သိန်းကျော် လာရောက်ဖူးမြော်ကြည်ညို

**နေပြည်တော် ဩဂုတ် ၁၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့တွင်လည်း ဘုရားဖူးလာရောက်ကြသည့် ရဟန်း၊ ရှင်လူပြည်သူများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးနှင့် ဘုရား၊ ကျောင်း၊ ကန်၊ သိမ်၊ ဇရပ်၊ တံတား၊ ဥယျာဉ်များ၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါမိပတိသာသနဗိမာန်တော်ကြီး၊ ကျောက်စာရုံစေတီ အဆူ ၇၂၀ တို့ အပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အအုံများကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်း၊ အသင်းအဖွဲ့အလိုက် ဝတ်ရွတ်ပူဇော်ခြင်းများ ဆောင်ရွက်ကြပြီး ကြည်ညိုသဒ္ဓါပွားများလျက် စေတနာသဒ္ဓါတရား ထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြသည်။



အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရဟန်း၊ ရှင်လူ အများပြည်သူများအနေဖြင့် စက်တင်ဘာ ၃ ရက်အထိ နံနက် ၆ နာရီမှ ည ၈ နာရီအတွင်း အခမဲ့ လာရောက်ဖူးမြော်ကြည်ညိုနိုင်ရန် ဖွင့်လှစ်ထားရှိကြောင်းနှင့် ယနေ့ရုံးပိတ်ရက်တွင် အနယ်နယ်အရပ်ရပ်မှ ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူ တစ်သိန်းကျော် လာရောက် ဖူးမြော်ကြည်ညိုကြရာ အထူးပင် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





❁ စာမျက်နှာ ၆ မှ

မြတ်ကြီးအား ဗုဒ္ဓဥယျာဉ်တော်ကြီး၊ ဓမ္မစေတီ ကျောက်စာတိုက်တော်တို့နှင့်တကွ တည်ထားကိုးကွယ်ကြရသော မွန်မြတ်သော ဤကုသိုလ်ကံစေတနာအစွမ်း အာနုဘော်အထူးတို့ကြောင့် ရည်ရွယ်ချက်လေးရပ်တို့သည် ပြည့်စုံကြသည်ဖြစ်၍ မိမိတို့နှင့်တကွ သဒ္ဓါ ပညာ စိတ်ထားတူညီကြကုန်သော သူတော်ကောင်းအပေါင်းတို့သည် ဗုဒ္ဓမြတ်စွာ၏ အဆုံးအမတရားတော်မြတ် ဘုန်းရိပ်ကံရိပ် ဉာဏ်တော်အရိပ်တို့၏အောက်၌ အေးချမ်းစွာ နေထိုင်ကြကုန်လျက် ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီးကို သားစဉ်မြေးဆက်အစရှိသည့် အဆက်ဆက်သို့တိုင်အောင် နှစ်ပေါင်းရာထောင်များစွာ ဆည်းကပ်ကိုးကွယ် ပူဇော်စောင့်ရှောက်နိုင်ကြရပါစေ သတည်း။

ထို့အပြင် ထေရဝါဒ ဗုဒ္ဓသာသနာတော်မြတ်ကြီးသည်လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကို ဗဟိုချက်မပဓာနပြုလျက် ကမ္ဘာ့နိုင်ငံ အရပ်ဒေသအသီးသီးတို့သို့ တိုးတက်ပြန့်ပွားထွန်းကားနိုင်ပါစေသတည်း။

ထို့အပြင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးအတွင်း မှီတင်းနေထိုင်ကြကုန်သော တိုင်းသားပြည်သူအပေါင်းတို့သည်လည်း ညီရင်းအစ်ကိုမောင်ရင်းနှမ တူမျှစွာ တစ်စိတ်တစ်ဝမ်းတည်း အသီးသီး တညီတညွတ်တည်း ရှိကြကုန်သည်ဖြစ်၍ ဆင်းရဲခြင်းဘေးဒုက္ခ အန္တရာယ်အယှက်အမျိုးမျိုးတို့မှ ကင်းဝေးကြကုန်ပြီးလျှင် စားရေရိက္ခာအသုံးအဆောင် ရတနာအမျိုးမျိုးတို့သည် ပြည့်စုံပေါများကြွယ်ဝကြ၍ တိုင်းပြည် သာယာဝပြောသည့်အားလျော်စွာ လောကီချမ်းသာ သုခအမျိုးမျိုးတို့ကို ပြည့်စုံစွာ ခံစားစံစားနိုင်ကြရပါစေသတည်း။

**ရင်ဝယ်ပီတိဂွမ်းဆီထိဖြစ်လျက် သာခုအကြိမ်ကြိမ်ခေါ်မိ**

ထို့အပြင် ဖြစ်လေရာရာ ဘဝတိုင်း ဘဝတိုင်းတို့၌ သူတော်ကောင်းတို့၏ အဆုံးအမတရားကို နာယူမှတ်သား၍ သူတော်ကောင်းအဖြစ်ဖြင့် သူတစ်ပါးတို့၏ ကောင်းကျိုးချမ်းသာတို့ကို အဘက်ဘက်မှ ပြည့်စုံစွာ ဖြည့်ဆည်းပေးနိုင်သူတို့သည် ဖြစ်ကြကုန်လျက် သူတော်ကောင်းအပေါင်းတို့ စံဝင်ရာ နိဗ္ဗာန်ချမ်းသာမြတ်ကို ရရောက်နိုင်ကြရပါစေသော်ဝ် . . . ဆိုသည့် ကမ္ပည်းကျောက်စာကို ဖတ်ရှုရခြင်းဖြင့် ရင်ဝယ်ပီတိဂွမ်းဆီထိဖြစ်လျက် သာခုအကြိမ်ကြိမ်ခေါ်မိပါသည်။ ။

# သတိပြုသင့်သည့် ပြည်ဖျက်ကြေးစားများအန္တရာယ်

မင်းခန့်

**“လုပ်ကြံသတင်းတု/ သတင်းမှားတွေနဲ့ပတ်သက်ပြီး စိစစ်ထားတဲ့ အချက်အလက်တွေအရ ၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်း Khit Thit၊ Mizzima၊ DVB၊ RFA၊ Ayeyarwaddy Times၊ မြေလတ်အသံ အစရှိတဲ့ ပြည်တွင်း/ ပြည်ပ ကြေးစားမီဒီယာခြောက်ခုအပါအဝင် အခြားမီဒီယာအမည်ခံ Page အမျိုးမျိုး၊ အကောင့်အမျိုးမျိုးကနေ တစ်လအတွင်းတင်ပြခဲ့တဲ့ သတင်းပေါင်း ၇၄၄ ပုဒ်ကို စိစစ်ရာမှာ လုပ်ကြံသတင်းအတု ၂၈၁ ပုဒ် (၃၇ ဒသမ ၇၇ ရာခိုင်နှုန်း)၊ သတင်းအမှား ၄၀၅ ပုဒ် (၅၄ ဒသမ ၄၃ ရာခိုင်နှုန်း) ရှိလို့ သတင်းအတု၊ သတင်းအမှားစုစုပေါင်း ၉၂ ဒသမ ၂၀ ရာခိုင်နှုန်းရှိ”**

ယနေ့ ၂၁ ရာစု သတင်းအချက်အလက်နှင့် နည်းပညာခေတ်မှာ အင်အားကြီးနိုင်ငံတွေဟာ အင်အားငယ်နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ စစ်ရေးနဲ့လူမှုရေးအပါအဝင် အဲဒီနိုင်ငံရဲ့ လုံခြုံရေးနဲ့ တည်ငြိမ်အေးချမ်းရေးတွေကို ထိန်းချုပ်နိုင်ဖို့အတွက် အဲဒီနိုင်ငံသားတွေရဲ့ စိတ်ခံစားချက်တွေကို လွှမ်းမိုးခြယ်လှယ်ပြီး သူတို့လိုရာကို လုပ်ဆောင်စေတဲ့နည်းလမ်းကို အသုံးပြုလျက်ရှိပါတယ်။ တစ်နည်းအားဖြင့် အင်အားကြီးနိုင်ငံတွေက သူတို့ရဲ့အကျိုးစီးပွားအတွက် အခြားနိုင်ငံတစ်နိုင်ငံကို စစ်ရေးအရ တိုက်ရိုက် ဝင်ရောက်တိုက်ခိုက်ခြင်းမပြုလုပ်ဘဲ ပစ်မှတ်နိုင်ငံကို ပြိုလဲသွားအောင်နဲ့ လွှမ်းမိုးခြယ်လှယ်နိုင်အောင်လုပ်နေတဲ့ အဲဒီနည်းလမ်းဟာ ခေတ်သစ်ကျူးကျော်စွက်ဖက်တဲ့ ပုံစံလို့လည်း ဆိုကြပါတယ်။

**AI နည်းပညာကို အသုံးချပြီး စိတ်ဓာတ်စစ်ဆင်ရေးလုပ်ဆောင်**

အဲဒီလိုလုပ်ဆောင်နိုင်ဖို့ တိုးတက်ပြောင်းလဲလာတဲ့ နည်းပညာဖြစ်တဲ့ ကွန်ပျူတာအခြေခံ AI နည်းပညာကို အသုံးချပြီး လူမှုကွန်ရက်(Social Media) အပါအဝင် သတင်းမီဒီယာတွေကတစ်ဆင့် သူတို့ဖြစ်စေချင်တဲ့အတိုင်း ပြည်သူအများက လိုက်ပါပြောဆိုလုပ်ကိုင်လာစေမယ့် စိတ်နေစိတ်ထားတွေဖြစ်လာအောင် စိတ်ဓာတ်စစ်ဆင်ရေး လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။

သူတို့လုပ်နေတဲ့ စိတ်ဓာတ်စစ်ဆင်ရေးပုံစံဟာ မီဒီယာအမည်ခံ သတင်းဌာနမျိုးစုံကနေ သတင်းအမှားတွေ၊ သတင်းအတုတွေ၊ အမှားအမှန်ရောထွေး သတင်းတွေ၊ ဘက်လိုက်ပြီး အမှန်ကို မျက်ကွယ်ပြုကာ လိုရာဆွဲသတင်းတွေကို တမင်ဖန်တီးပြီး လူမှုအသိုက်အဝန်းအတွင်း ကျယ်ပြန့်စွာရောက်ရှိအောင် ထပ်ကာတလဲလဲ နေ့စဉ်ထုတ်လွှင့်နေခြင်းဖြစ်ပါတယ်။

ဒီလိုထုတ်လွှင့်တဲ့ သတင်းတွေကို ပြည်သူလူထုရဲ့စိတ်ထဲမှာ လိုရာဆွဲ အမှန်သတင်းတွေဖြစ်စေဖို့အတွက် AI နည်းပညာနဲ့ ပြည်သူလူထုအကြား များများပျံ့နှံ့အောင်လုပ်ပြီး ပြည်သူတွေအနေနဲ့ ကြားသိရဖန်များလာရင် အမှန်ထင်လာအောင် လုပ်ဆောင်နေခြင်းဖြစ်ပါတယ်။

ယနေ့မြန်မာနိုင်ငံမှာ Facebook လို လူတိုင်းနီးပါးအသုံးပြုနေတဲ့ Social Media Platform ကို အမိအရအသုံးချပြီး အဲဒီနည်းလမ်းနဲ့ ပြည်သူတွေရဲ့ စိတ်ခံစားချက်တွေကို သူတို့လိုရာ လွှမ်းမိုးခြယ်လှယ်နိုင်ဖို့ ပြည်ပအထောက်အပံ့ခံ ပြည်ဖျက်မီဒီယာတွေ၊ ပြည်ပဩဇာခံ လူမှုအဖွဲ့အစည်းတွေ၊ အမည်အမျိုးမျိုးနဲ့ ရပ်တည်နေတဲ့ ပြည်တွင်း၊ ပြည်ပက Think-Tank အဖွဲ့တွေက ရည်ရွယ်ချက်ရှိရှိ စိတ်ဓာတ်စစ်ဆင်ရေး လုပ်နေတာတွေကို ထင်ရှားစွာ မြင်တွေ့ကြရမှာဖြစ်ပါတယ်။

ဒီအဖွဲ့တွေရဲ့ အဓိကရည်ရွယ်ချက်ကတော့ တပ်မတော်အတွင်း သပ်လျှိုသွေးခွဲဖို့၊ ပြည်သူနဲ့ တပ်မတော်ကို ရန်တိုက်ပေးဖို့၊ မြန်မာပြည်သူအများစုကိုးကွယ်တဲ့ ဗုဒ္ဓဘာသာကို နှိမ့်ချစော်ကားဖို့၊ ပြည်သူတွေကြားထဲ အစွန်းရောက်စိတ်တွေ ပျံ့နှံ့လာအောင်လုပ်ဆောင်ပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်အောင်လုပ်ဖို့နဲ့ နောက်ဆုံးမှာ သူတို့လိုလားတဲ့ ဩဇာခံအစိုးရတစ်ရပ်ဖြစ်အောင် လုပ်ဆောင်ဖို့ပဲဖြစ်ပါတယ်။

**နည်းလမ်းမျိုးစုံ၊ အသွင်သဏ္ဌာန်မျိုးစုံနဲ့ ခြေကုပ်ယူခဲ့ကြ**

ပြီးခဲ့တဲ့ ဆယ်စုနှစ်အတွင်းမှာ တပ်မတော်က ဦးဆောင်ကြိုးပမ်းခဲ့တဲ့ ငြိမ်းချမ်းစွာ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွေအတွင်းမှာ ပြည်သူလူထုကို လွတ်လပ်မှုအခွင့်အရေးတွေ ပြန်လည်အပ်နှင်းခဲ့တဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) စတင်အသက်ဝင်ကျင့်သုံးလာခဲ့တာကို အခွင့်ကောင်းယူပြီး ကြေးစားမီဒီယာအမည်ခံ အဖွဲ့အစည်း၊ ပရဟိတအမည်ခံ လူမှုအဖွဲ့အစည်းတွေဟာ နည်းလမ်းမျိုးစုံ၊ အသွင်သဏ္ဌာန်မျိုးစုံနဲ့မြန်မာနိုင်ငံအတွင်းမှာ ခြေကုပ်ယူခဲ့ကြတာဖြစ်ပါတယ်။

ဒီအဖွဲ့တွေဟာ အစကနဦးမှာတော့ မြန်မာနိုင်ငံရဲ့အကျိုးစီးပွားအတွက် ရှေးရှုသယောင်ပြခဲ့ကြပေမယ့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလမှာ NLD အစိုးရရဲ့ အာဏာအလွဲသုံးစားမှု၊ အခြေခံဥပဒေချိုးဖောက်မှု၊ မဲလိမ်/မဲခိုးမှုတွေကြောင့် တပ်မတော်က အာဏာထိန်းပြီးတဲ့နောက်မှာတော့ ဟန်ဆောင်မျက်နှာဖုံးတွေ ကွာကျသွားကြပါတယ်။ သူတို့ကို ထောက်ပံ့ပေးထားတဲ့ အနောက်အုပ်စုအလိုကျ အတွေးအခေါ်၊ အယူအဆတွေ၊ ဝါဒဖြန့်သတင်းတွေနဲ့ သုတေသန အချက်အလက်တွေကိုသာ အဆက်မပြတ်ထုတ်လွှင့်ပြီး မြန်မာနိုင်ငံမှာ အစွန်းရောက်စိတ်ဓာတ် ပြန့်ပွားဖို့အတွက် မီးလောင်ရာလေပင့် လုပ်ဆောင်လာကြပါတော့တယ်။

အရင်ကတော့ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီလှိုင်းအတက်မှာ အခွင့်ကောင်းယူ လှေကြုံစီးပြီး ပြည်တွင်းဥပဒေတွေအရ တရားဝင်အဖွဲ့အစည်းတွေအဖြစ် ရပ်တည်ခဲ့ကြပေမယ့် အခုနိုင်ငံရေးအပြောင်းအလဲနောက်ပိုင်း ပြည်တွင်းမှာ ဆက်လက်ရပ်တည်နိုင်စွမ်းမရှိကြတော့ဘဲ ပြည်ပနိုင်ငံတွေကို တိမ်းရှောင်သွားကြပါတယ်။ ပြည်တွင်းမှာ သူတို့အခိုင်အမာတည်ဆောက်ခဲ့တဲ့ သတင်းကွန်ရက်တွေကိုအသုံးချပြီး သူတို့နောက်ကွယ်က ကြိုးကိုင်ညွှန်ကြားနေတဲ့နိုင်ငံကြီးတွေ ဇာတ်ညွှန်းအတိုင်း မြန်မာနိုင်ငံပြိုကွဲပျက်စီးရေးနဲ့ မြန်မာ့လူ့အဖွဲ့အစည်းအတွင်း အစွန်းရောက်အတွေးအခေါ် သဘောတရားတွေ ပြန့်ပွားရေးတို့ကို ပြောင်ပြောင်တင်းတင်း ဆက်လက်လုပ်ဆောင်လာကြပါတော့တယ်။

ဒီအဖွဲ့အစည်းတွေရဲ့ အဓိကပင်မအရင်းအမြစ်တွေ ပြည်ပကို တိမ်းရှောင်ထွက်ခွာသွားကြပြီဖြစ်ပေမယ့် သူတို့တည်ဆောက်ခဲ့တဲ့ကွန်ရက်တွေကတော့ ပြည်တွင်းမှာ အရှိန်တစ်ခုနဲ့ ဆက်လက်လည်ပတ်နေဆဲဖြစ်ပါတယ်။

**အခါတော်ပေးတွေ၊ လော်ဘီတွေအဖြစ် ဆောင်ရွက်**

တချို့သော Think-Tank အဖွဲ့အစည်းတွေဆိုရင် မြန်မာ့ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ကူညီပံ့ပိုးရေးခေါင်းစဉ်အောက်မှာ မြန်မာနိုင်ငံရဲ့ လက်နက်ကိုင်ပဋိပက္ခတွေကို အဓိကထား လေ့လာနေကြသလို မြန်မာနိုင်ငံအပေါ်ထားရှိတဲ့ တရုတ်ရဲ့မူဝါဒတွေ၊ လွှမ်းမိုးမှုတွေကို လေ့လာကြပြီး တရုတ်နိုင်ငံရဲ့ မြန်မာနိုင်ငံအပေါ် လွှမ်းမိုးနေမှုမှာ အရေးကြီးတဲ့ အချက်အလက်တွေကို ဆန်းစစ်နေကြပါတယ်။ မြန်မာလူငယ်တွေကိုလည်း အနောက်အုပ်စုအတွေးအခေါ် သဘောတရားဖြစ်တဲ့ အစွန်းရောက်လစ်ဘရယ်သဘောတရား လွှမ်းမိုးမယ့်သင်တန်းတွေကို အခမဲ့ ဖွင့်လှစ်သင်ကြားပေးတာတွေ ဆောင်ရွက်နေပါတယ်။ တချို့ကတော့ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေအပါအဝင် တိုင်းရင်းသားလက်နက်ကိုင်တွေရဲ့ အခါတော်ပေးတွေ၊ လော်ဘီတွေအဖြစ် ဆောင်ရွက်ကြပြီး တပ်ပြေးအဖွဲ့တွေကိုလည်း လေ့ကျင့်ပေးတာ၊ စပွန်ဆာပေးတာတွေ လုပ်ကြပါတယ်။

ဒီလိုလုပ်ဆောင်နေမှုတွေဟာ ခရီးသွားဟန်လွှဲ စိတ်ကူးတည့်ရာ လုပ်ဆောင်နေကြခြင်းမျိုး မဟုတ်ဘဲ ဘက်စုံစစ်ပွဲ (Multidimensional warfare) သဘောတရားထဲက တစ်ခုဖြစ်တဲ့ သဘောတရားရေးနည်းလမ်း (Ideological Means) နဲ့ မြန်မာနိုင်ငံအပေါ် စစ်ပြုနေခြင်းဖြစ်ပြီး အဲဒီစစ်ပွဲရဲ့ အဓိကလက်နက်ကတော့ လူတွေကြားထဲ လက်လှမ်းတမီ အသုံးပြုနေကြတဲ့ အင်တာနက်လူမှုကွန်ရက်တွေပဲဖြစ်ပါတယ်။ နိုင်ငံကြီးတွေရဲ့ တရားဝင်/ တရားမဝင် အားပေးထောက်ပံ့ပေးမှုတွေအရ ငွေအား၊ လူသားအရင်းအမြစ်အားနဲ့ နည်းပညာအားကို အသုံးချပြီး အင်တာနက်လူမှုကွန်ရက်တွေမှာ အစွန်းရောက်သဘောတရားတွေပျံ့နှံ့စေပြီး သမမျှတတဲ့အတွေးအခေါ်၊ အရေးအသား၊ ဆွေးနွေးမှုတွေကို ပိတ်ပင်တားဆီးကာ ဝါဒဖြန့်ချိရေးနည်းလမ်း (Propaganda Means) နဲ့ မြန်မာပြည်သူတွေကို အသိမှား၊ အမြင်မှားအောင် မှိုင်းတိုက်စစ်ဆင်နွှဲနေကြခြင်းသာဖြစ်ပါတယ်။

**လုပ်ကြံသတင်းအတုတွေ နေ့စဉ်ထုတ်လွှင့်**

ဝါဒဖြန့်ချိရေးနည်းလမ်းမှာ ရှေ့တန်းကျကျ ပါဝင်တိုက်ခိုက်နေကြတာကတော့ ပြည်ပအထောက်အပံ့ခံ ကြေးစားမီဒီယာတွေဖြစ်ကြပါတယ်။ ကြေးစားမီဒီယာတွေအနေနဲ့ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းကစလို့ ဆန္ဒပြမှုတွေအပါအဝင် NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေဘက်က နည်းမျိုးစုံနဲ့ တစ်ဖက်သတ်ဝါဒဖြန့်ချိရေး လုပ်ပေးနေရင်း မြေပြင်အခြေအနေနဲ့ တဖြည်းဖြည်း ဝေးကွာလာကြပါတယ်။ သူတို့ဖြစ်စေချင်၊ မြင်စေချင်၊ ထင်စေချင်တဲ့ အကြောင်းအရာတွေကို အတင်းကာရော ယုတ္တိတန်၍၊ မတန်၍တောင် မဆင်ခြင်နိုင်တော့ဘဲ အကြီးအကျယ်ဝါဒဖြန့်နိုင်ဖို့ လုပ်ကြံသတင်းအတုတွေ နေ့စဉ်ထုတ်လွှင့်လျက်ရှိပါတယ်။ သူတို့ရဲ့ သတင်းအတုတွေဟာ လက်တွေ့နဲ့ ကင်းကွာသည်ထက် ကင်းကွာလာတာကြောင့် ပြည်သူတွေရဲ့ယုံကြည်မှု တဖြည်းဖြည်းကျဆင်းလာပေမယ့် ထပ်ကာတလဲလဲ ထုတ်လွှင့်မှုတွေကြောင့် ထင်ယောင်ထင်မှားနဲ့ ယုံကြည်နေသူတွေလည်း အထိုက်အလျောက်ရှိနေပါတယ်။

**ဒီလို လုပ်ကြံသတင်းတု/ သတင်းမှားတွေနဲ့ ပတ်သက်ပြီး စိစစ်ထားတဲ့ အချက်အလက်တွေအရ ၂၀၂၃ ခုနှစ် ဇူလိုင်လအတွင်း Khit Thit၊ Mizzima၊ DVB၊ RFA၊ Ayeyarwaddy Times၊ မြေလတ်အသံ အစရှိတဲ့ ပြည်တွင်း/ ပြည်ပ ကြေးစားမီဒီယာခြောက်ခုအပါအဝင် အခြားမီဒီယာအမည်ခံ Page အမျိုးမျိုး၊ အကောင့်အမျိုးမျိုးကနေ တစ်လအတွင်း တင်ပြခဲ့တဲ့ သတင်းပေါင်း ၇၄၄ ပုဒ်ကို စိစစ်ရာမှာ လုပ်ကြံသတင်းအတု ၂၈၁ ပုဒ် (၃၇ ဒသမ ၇၇ ရာခိုင်နှုန်း)၊ သတင်းအမှား ၄၀၅ ပုဒ် (၅၄ ဒသမ ၄၃ ရာခိုင်နှုန်း) ရှိလို့ သတင်းအတု၊ သတင်းအမှား စုစုပေါင်း ၉၂ ဒသမ ၂၀ ရာခိုင်နှုန်းရှိတယ်လို့ သိရပါတယ်။** ဒီအချက်အလက်တွေက ကြေးစားမီဒီယာတွေရဲ့ ဝါဒဖြန့်ချိရေးကို အရှိန်မြှင့်နေတဲ့ သက်သေတစ်ခုဖြစ်ပါတယ်။ စာမျက်နှာ ၉ သို့ ❑

**“ပြည်ပလက်ဝေခံမီဒီယာတွေရဲ့ သတင်းအတု၊ သတင်းအမှားတွေဟာ သူတို့အမွှမ်းတင် ဝါဒဖြန့်ချိနေတဲ့ တော်လှန်ရေးလုပ်ရပ်အဖြစ် ပုံဖော်နေကြပေမယ့် လက်တွေ့မြေပြင်မှာတော့ စစ်ဘက်မဟုတ်တဲ့ အရပ်ဘက်ပစ်မှတ်တွေကိုဦးတည်ပြီး ပြည်သူလူထုရဲ့အကျိုးစီးပွားကို ထိခိုက်စေတဲ့ အကြမ်းဖက်လုပ်ရပ်တွေဖြစ်နေပါတယ်။ အပြစ်မဲ့ ပြည်သူတွေ၊ နိုင်ငံ့ဝန်ထမ်းတွေ၊ သံဃာတော်တွေ၊ ကျောင်းဆရာ ဆရာမတွေနဲ့ လက်နက်ဆိုလို့ အပ်တိုတစ်ချောင်း တောင်မရှိတဲ့ သာမန်ပြည်သူတွေကို လက်နက်အားကိုးသတ်ဖြတ်တဲ့ လုပ်ရပ်တွေဟာ ကနဦးရည်ရွယ်ချက်က NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ အကြောက်တရား ပြန့်ပွားရေးမှုနဲ့ သူတို့ကို အားပေးထောက်ခံလာဖို့ လုပ်ဆောင်ခဲ့ကြတာဖြစ်ပါတယ်။ အထူးသဖြင့် ငါနဲ့မတူ ငါ့ရန်သူ အယူအဆနဲ့ ဒလန်ခေါင်းစဉ်တပ်ပြီး လုပ်ကြံသတ်ဖြတ်မှုတွေ ပရမ်းပတာလုပ်ဆောင်လာလို့ တည်ငြိမ်အေးချမ်းရေးကိုလိုလားတဲ့ ပြည်သူအများစုက NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေကို အကြမ်းဖက်သမားတွေအဖြစ် ရှုံ့ရှာစက်ဆုပ်ပြစ်တင် ရှုတ်ချလျက်ရှိပါတယ်”**

# ပြည်ပကုန်သွယ်ရေးအတွက် ငွေပေးချေမှုဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေး



**နေပြည်တော် ဩဂုတ် ၁၉**

ပြည်ပကုန်သွယ်ရေးအတွက် ငွေပေးချေမှုဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည့် အစည်းအဝေးကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် နေပြည်တော် ရုံးအမှတ်(၅၅) တွင် ယနေ့ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက တက်ရောက်အမှာစကား ပြောကြားသည်။

**တက်ရောက်ဆွေးနွေး**

အစည်းအဝေးသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌနှင့်အတူ ဒုတိယဥက္ကဋ္ဌများ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ UMFCCI မှ ဒုတိယဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ တက်ရောက်ဆွေးနွေးကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက နိုင်ငံတော်က လက်ရှိဖြေလျှော့ပေးနေသော အခြေအနေများနှင့် ကုန်ဈေးနှုန်း ကြီးမြင့်နေမှုကို ထိန်းကျောင်းရန်အတွက် နိုင်ငံခြားငွေကြေးကို တရားဝင်ဈေးကွက်များတွင် ရောင်းဝယ်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ၏ Macro စီးပွားရေး အခြေအနေပေါ်မူတည်အခြေပြုသော အတိုးနှုန်း မူဝါဒနှင့် ငွေကြေးမူဝါဒများကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် အနေဖြင့် ငွေကြေးဆိုင်ရာကိစ္စရပ်များ အဆင်ပြေမှုရှိစေရန် ဈေးကွက်အတွင်း နိုင်ငံခြားငွေလိုအပ်ချက် အဆင်ပြေချောမွေ့စေရန်အတွက် ပုဂ္ဂလိကဘဏ်များမှတစ်ဆင့် စက်သုံးဆီ၊ စားသုံးဆီနှင့် သွင်းကုန်လုပ်ငန်းများသို့ အမေရိကန်ဒေါ်လာ ရောင်းချပေးခြင်း၊ Back to Back SWAP Facility အသုံးပြု၍ အမေရိကန်ဒေါ်လာလိုအပ်ချက်အား ဖြည့်ဆည်းပေးခြင်းဖြင့် ငွေလဲလှယ်နှုန်း တည်ငြိမ်ရေးအား လိုအပ်သလို ထိန်းကျောင်းဆောင်ရွက်လျက်ရှိကြောင်း၊ သွင်းကုန်လုပ်ငန်းရှင်များ နိုင်ငံခြားငွေဝယ်ယူရာတွင် အဆင်ပြေမှုရှိစေရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကြီးမှူး၍ Online Trading စနစ်ကို ဇွန် ၂၂ ရက်မှစ၍ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ Online Trading ၌ မျှတမှန်ကန်သော ရောင်းဝယ်မှုဖြစ်စေရန် Criteria များ သတ်မှတ်ထားကြောင်း၊ အဆိုပါ Criteria များနှင့် ကိုက်ညီပါက ရောင်းချပေးလျက်ရှိကြောင်း။

နိုင်ငံခြားငွေလဲလှယ်နှုန်းများနှင့် စပ်လျဉ်း၍လည်း ဈေးကွက်လိုအပ်မှုနှင့် Data အချက်အလက်များပေါ် အခြေမခံဘဲ Online နှင့် Social Media များပေါ်၌ ဈေးနှုန်းများတက်ရန် ရေးသားပြောဆိုမှုများနှင့် တရားမဝင်ဟွန်ဒီ ဆောင်ရွက်မှုများ စသည့် နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်စေရန် ဆောင်ရွက်မှုများအတွက် အရေးယူဆောင်ရွက်ရန်ရှိကြောင်း၊ ထို့ပြင် ပြည်ပသို့ ထွက်ခွာမည့် ပြည်သူများအနေဖြင့် အသေးသုံးနိုင်ငံခြားငွေများ ဝယ်ယူရာ၌ အဆင်ပြေမှုရှိစေရန် လေဆိပ်ကောင်တာများတွင် AD လိုင်စင်ရဘဏ်များ၏ ငွေသားလက်ကျန်အပေါ် မူတည်၍ ရောင်းချပေးလျက်ရှိကြောင်း၊ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေနှင့် စည်းမျဉ်းများအရ နိုင်ငံခြားငွေ ကိုင်ဆောင်ခွင့်များ သတ်မှတ်ထား၍ စည်းမျဉ်းများနှင့်အညီ သတ်မှတ်ပမာဏနှင့် သတ်မှတ်ကာလအတွင်း ကိုင်ဆောင်ရန်ဖြစ်ကြောင်းနှင့် လိုက်နာမှုမရှိပါက စည်းမျဉ်းဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသော တာဝန်ရှိသူများက ကုန်သွယ်မှုနှင့်ပတ်သက်၍ မှောင်ခိုရောင်းဝယ်မှုများနှင့် တရားမဝင်တင်ပို့မှုများကြောင့် ပြည်တွင်းကုန်ဈေးနှုန်း မြင့်တက်နေခြင်းဖြစ်ကြောင်း၊ ပြည်တွင်းသို့ တရားမဝင်ကုန်စည်များ ဝင်ရောက်မှုမရှိစေရန်အတွက် တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများက ကြပ်မတ်အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားငွေကြေးဈေးကွက်၌ မှန်ကန်သော အချက်အလက်ပေါ်မူတည်၍ နိုင်ငံခြားငွေလဲလှယ်နှုန်းကို သတ်မှတ်ပြီး ပြည်တွင်းသို့ ပို့ကုန်ပစ္စည်းတင်ပို့သူများ လိုအပ်သော နိုင်ငံခြားငွေများကို အဆင်ပြေချောမွေ့စွာရရှိနိုင်ရန် ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိသဖြင့် ဈေးကွက်၌ စက်သုံးဆီလိုအပ်မှု မရှိစေရန်နှင့် နိုင်ငံ့စီးပွားရေးအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများ တင်သွင်းနိုင်ရန်တို့အတွက် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ Online တွင် တရားမဝင်သော ဖြစ်သင့်ဖြစ်ထိုက်သည့် နိုင်ငံခြားငွေလဲလှယ်နှုန်းမဟုတ်ဘဲ နိုင်ငံခြားငွေလဲလှယ်နှုန်း မြင့်တက်စေရန်ရည်ရွယ်၍ ဈေးကစားမှုများနှင့်ပတ်သက်၍ ဖော်ထုတ်အရေးယူရန်ရှိကြောင်း၊ ပို့ကုန်ရငွေဝင်ရောက်မှုမရှိသော ကုမ္ပဏီများအနေဖြင့် သတ်မှတ်ကာလအတွင်း ပို့ကုန်ရငွေဝင်ရောက်စေရန် ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း၊ အမည်ခံ ပို့ကုန်တင်ပို့မှုများကို စိစစ်အရေးယူဆောင်ရွက်လျက်ရှိကြောင်း၊ Online Market Rate ဖြင့် Importer အမည်ခံဖြင့် နိုင်ငံခြားငွေရယူပြီး အခြားသူများအား တရားမဝင်ဈေးဖြင့် ညှိနှိုင်း၍ ရောင်းချခြင်း မဆောင်ရွက်ရန် လိုအပ်ကြောင်း ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI) နှင့် ညီနောင်အသင်းများမှ ကိုယ်စားလှယ်များက Online Trading တွင် ပါဝင်ဝယ်ယူလိုသော ကိစ္စရပ်များ၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်မည့်အစီအစဉ်များ၊ တရားမဝင်ရောင်းဝယ်မှုမှ ကုန်ဈေးနှုန်းမြင့်၍ ဝယ်ယူပြီး ကုန်ဈေးနှုန်းမြင့်တက်ခြင်း အခင်းအကျင်းဖြစ်ပေါ်လျက်ရှိသည့် အခြေအနေများ၊ ပို့ကုန်ရငွေကို သတ်မှတ်ချက်များနှင့်အညီ ဝင်ရောက်ရေးဆိုင်ရာ ကိစ္စရပ်များ၊ ပို့ကုန်၊ သွင်းကုန် လုပ်ငန်းရှင်များက Trade Financing ရယူလိုသော ကိစ္စရပ်များ၊ ကုန်ဈေးနှုန်းတည်ငြိမ်စေရေးအတွက် မှောင်ခိုရောင်းဝယ်မှုများကို ပိုမိုလျှော့ချစေရေးနှင့် တရားမဝင်ကုန်သွယ်မှုများ တားဆီးရေးကိစ္စရပ်များကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

❑ စာမျက်နှာ ၈ မှ

ကြေးစားမီဒီယာတွေရဲ့ ထင်ရှားတဲ့ သတင်းအတု/သတင်းအမှားနဲ့ ဝါဒဖြန့်ချိရေးသတင်းတစ်ခုကို ဥပမာပြရရင် ဇူလိုင်လ ၇ ရက်နေ့က ရန်ကုန်-မန္တလေးအမြန်လမ်း ၁၆၉ မိုင် ၄ ဖာလုံအနီးမှာ စစ်ထောက်ချုပ်ယာဉ်တန်း ကား ၁၀ စီးကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေက မိုင်းခွဲတိုက်ခိုက်ခဲ့တယ်ဆိုပြီး ကြေးစားမီဒီယာပေါင်းစုံကနေ ထပ်တလဲလဲဖော်ပြခဲ့ကြပါတယ်။ ဒီသတင်းကို Mizzima နဲ့ Khit Thit က ဦးဆောင်ဖော်ပြပြီး ကျန်တဲ့ကြေးစားမီဒီယာနဲ့ Facebook Page တွေ၊ အကောင့်အတုတွေကနေ ထပ်ဆင့်ဖော်ပြကြပါတယ်။ အမှန်တကယ်တော့ ဖြစ်စဉ်အမှန်က ကားလမ်းနဲ့ မီတာ ၁၀၀ လောက် ဝေးတဲ့နေရာမှာ ဖြောက်အိုးအကြီးစားလို့ ဆိုနိုင်တဲ့ လက်လုပ်မိုင်းဖောက်ခွဲပြီး သတင်းအတု၊ သတင်းအမှား ထုတ်လွှင့်ကြတာဖြစ်ပါတယ်။ ဒါက သူတို့ရဲ့ ဝါဒဖြန့်ချိတဲ့ပုံစံဖြစ်ပါတယ်။

**ဒီလို ပြည်ပလက်ဝေခံ မီဒီယာတွေရဲ့ သတင်းအတု၊ သတင်းအမှားတွေဟာ သူတို့အမွှမ်းတင်ဝါဒဖြန့်ချိနေတဲ့ တော်လှန်ရေးလုပ်ရပ်အဖြစ် ပုံဖော်နေကြပေမယ့် လက်တွေ့မြေပြင်မှာတော့ စစ်ဘက်မဟုတ်တဲ့ အရပ်ဘက်ပစ်မှတ်တွေကို ဦးတည်ပြီး ပြည်သူလူထုရဲ့ အကျိုးစီးပွားကို ထိခိုက်စေတဲ့ အကြမ်းဖက်လုပ်ရပ်တွေ ဖြစ်နေပါတယ်။ အပြစ်မဲ့ ပြည်သူတွေ၊ နိုင်ငံ့ဝန်ထမ်းတွေ၊ သံဃာတော်တွေ၊ ကျောင်းဆရာ ဆရာမတွေနဲ့ လက်နက်ဆိုလို့ အပ်တိုတစ်ချောင်းတောင်မရှိတဲ့ သာမန်ပြည်သူတွေကို လက်နက်အားကိုး သတ်ဖြတ်တဲ့လုပ်ရပ်တွေဟာ ကနဦးရည်ရွယ်ချက်က NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ အကြောက်တရားပြန့်ပွားရေးမူနဲ့ သူတို့ကို အားပေးထောက်ခံလာဖို့ လုပ်ဆောင်ခဲ့ကြတာဖြစ်ပါတယ်။ အထူးသဖြင့် ငါနဲ့မတူ ငါ့ရန်သူ အယူအဆနဲ့ ဒလန်ခေါင်းစဉ်တပ်ပြီး လုပ်ကြံသတ်ဖြတ်မှုတွေ ပရမ်းပတာလုပ်ဆောင်လာလို့ တည်ငြိမ်အေးချမ်းရေးကို လိုလားတဲ့ ပြည်သူအများစုက NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေကို အကြမ်းဖက်သမားတွေအဖြစ် ရှုံ့ရှာစက်ဆုပ် ပြစ်တင်ရှုတ်ချလျက်ရှိပါတယ်။**

> **ကြေးစားမီဒီယာတွေကနေ သတင်းအတု/ သတင်းအမှားတွေကို ရည်ရွယ်ချက်ရှိရှိနဲ့ အရှိန်မြှင့်လုပ်ကြံထုတ်လွှင့်နေတာက သတင်းအမှန်မရရှိတဲ့ ပြည်သူတွေအနေနဲ့ တပ်မတော်အပေါ် ယုံကြည်မှုကျဆင်းလာအောင်၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ စိတ်ဓာတ်ပျက်ပြားပြီး PDF အမည်ခံ အကြမ်းဖက်သမားတွေ စိတ်ဓာတ်တက်ကြွလာအောင်၊ အကြမ်းဖက်မှုတွေ ပိုမိုကျူးလွန်လာကြအောင် မီးထိုးယပ်ခတ်ပေးနေတာဖြစ်**

အနီးစပ်ဆုံးဥပမာအနေနဲ့ကတော့ ဩဂုတ်လ ၁၀ ရက်နေ့ မုံရွာမြို့ ထန်းတောရပ်ကွက်က ကိုယ်ဝန်ဆောင်သည် မအေးငြိမ်းသူကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေက ဓားပြတိုက် ပစ္စည်းယူ လူသတ်ခဲ့တဲ့ ဖြစ်စဉ်ဟာ NUG အဖွဲ့ရဲ့ လက်ဝေခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ လူသားမဆန် ရိုင်းစိုင်းယုတ်မာတဲ့အကြမ်းဖက်လုပ်ရပ် ဖြစ်ပါတယ်။ ဒီသတင်းကို ပြည်ပအထောက်အပံ့ခံ ကြေးစားမီဒီယာတွေက PDF အမည်ခံအကြမ်းဖက်သမားတွေရဲ့ ဆိုးရွားတဲ့ အကြမ်းဖက်သတ်ဖြတ်မှုကို ဖုံးကွယ်ဖို့ သာမန်ဓားပြတိုက်မှုအနေဖြင့်သာ ခပ်ပါးပါး သတင်းထုတ်ခဲ့ကြပေမယ့် ဖြစ်စဉ်အမှန်ဟာ ဘယ်လိုမှ ဖုံးဖိလို့မရတဲ့ NUG လက်အောက်ခံ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တစ်ခုက ငါနဲ့မတူ ငါ့ရန်သူအယူအဆနဲ့ သူတို့ကို မထောက်ခံသူတွေထံကနေ ပစ္စည်းယူ လူသတ်ခဲ့တဲ့ လုပ်ရပ်ဖြစ်ကြောင်း ပေါ်လွင်ခဲ့လို့ ကြားသိမြင်တွေ့ရသူတိုင်း အံ့ဩတုန်လှုပ်စိတ်မကောင်း ဖြစ်ကြရပါတယ်။

ဒါကြောင့်လည်း အခုနောက်ပိုင်းမှာ PDF အမည်ခံအကြမ်းဖက်အဖွဲ့တွေရဲ့ လုပ်ကြံသတ်ဖြတ်မှုတွေ၊ ပြည်သူကို ထိတ်လန့်ကြောက်ရွံ့အောင် ဖောက်ခွဲဖျက်ဆီးရေး လုပ်ဆောင်နေမှုတွေ၊ ခိုးဆိုးလုနှိုက် ဓားပြတိုက်မှုတွေကို ပြည်သူတွေက လက်မခံကြတော့ဘဲ သက်ဆိုင်ရာတာဝန်ရှိသူ အစိုးရလုံခြုံရေးတပ်ဖွဲ့တွေကို သတင်းပေး တိုင်ကြားလာကြပါတယ်။ မြို့ရွာတိုင်းမှာ တာဝန်သိပြည်သူတွေဟာ အစိုးရနဲ့ ပူးပေါင်းပြီး ရပ်ရွာအေးချမ်းသာယာရေးကို ပူးပေါင်းလုပ်ဆောင်လာကြတာကြောင့် PDF အမည်ခံ အကြမ်းဖက်အဖွဲ့ဆိုတဲ့ အသံကြားတာနဲ့ ဝိုင်းဝန်းသတင်းပေးကြလို့ ယခုနောက်ပိုင်းဖြစ်စဉ်တွေမှာ နာရီပိုင်း၊ ရက်ပိုင်းအတွင်း အကြမ်းဖက်သမားတွေကို ဖမ်းမိလာကြတာကို သတိပြုမိကြပါလိမ့်မယ်။

တော်လှန်ရေးခေါင်းစဉ်နဲ့ မြန်မာပြည် ပျက်စီးရေး ဦးတည်လုပ်ဆောင်နေတဲ့ NUG၊ PDF အမည်ခံ အကြမ်းဖက်အဖွဲ့တွေရဲ့ အကြမ်းဖက်မှုတွေဟာ သူတို့ရဲ့ အကြမ်းဖက်လုပ်ရပ်ကို မထောက်ခံတဲ့ NLD ပါတီဝင်တွေကိုပါ သတ်ဖြတ်လုပ်ကြံတာနဲ့ PDF အမည်ခံ အကြမ်းဖက်လက်နက်ကိုင်အဖွဲ့တွေ အချင်းချင်း စားခွက်လုကြရင်း တိုက်ခိုက်သတ်ဖြတ်မှုတွေဖြစ်လာတဲ့အထိ ဆိုးရွားလာတာကြောင့် ဒုတိယပါကျောင်လို ဇာတ်တူသားစားတဲ့ အမှုတွေများလာပြီး ဟသ်ာကိုးသောင်းလို ပျက်စီးဖို့ လမ်းပေါ်ရောက်နေကြတာကိုလည်း အထင်အရှား တွေ့နေရပါတယ်။

တော်လှန်ရေးအမည်ခံ အကြမ်းဖက်အဖွဲ့အစည်းတွေရဲ့ ပကတိအခြေအနေတွေ ဘယ်လောက်ပဲ ဆိုးရွားနေစေကာမူ ကြေးစားမီဒီယာတွေကတော့ "ငါတို့နိုင်တော့မှာ၊ ငါတို့နိုင်နေပြီ" လုပ်ကြံဇာတ်ကြောင်းနဲ့ ဝါဒဖြန့်သတင်းတွေကိုပဲ တရစပ်ထုတ်လွှင့်နေကြတာကို တွေ့ရပါတယ်။

**ဒီလို ကြေးစားမီဒီယာတွေကနေ သတင်းအတု/ သတင်းအမှားတွေကို ရည်ရွယ်ချက်ရှိရှိနဲ့ အရှိန်မြှင့်လုပ်ကြံထုတ်လွှင့်နေတာက သတင်းအမှန်မရရှိတဲ့ ပြည်သူတွေအနေနဲ့ တပ်မတော်အပေါ် ယုံကြည်မှုကျဆင်းလာအောင်၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ စိတ်ဓာတ်ပျက်ပြားပြီး PDF အမည်ခံအကြမ်းဖက်သမားတွေ စိတ်ဓာတ်တက်ကြွလာအောင်၊ အကြမ်းဖက်မှုတွေ ပိုမိုကျူးလွန်လာကြအောင် မီးထိုးယပ်ခတ်ပေးနေတာဖြစ်ပါတယ်။**

ဒါကြောင့် မြန်မာနိုင်ငံမှာ မြန်မာလူမျိုးတွေရဲ့ အထွတ်အမြတ်ဖြစ်တဲ့ ဗုဒ္ဓဘာသာနဲ့ သံဃာ့အဖွဲ့အစည်းကို ယိမ်းယိုင်အောင် ဆောင်ရွက်နေပြီး ပြည်သူနဲ့ တပ်မတော်ကို သွေးခွဲ၊ အစွန်းရောက်သဘောတရားတွေပျံ့နှံ့အောင် ဆောင်ရွက်နေတဲ့ ကြေးစားမီဒီယာတွေရဲ့ သတင်းအတု၊ သတင်းအမှားတွေ၊ ကြေးစား Think-Tank တွေ ထုတ်ပြန်နေတဲ့ သုတေသနစာစောင်တွေနဲ့ ဖွင့်လှစ်နေတဲ့ သင်တန်းတွေဟာ ငွေနောက်လိုက်ပြီး မြန်မာနိုင်ငံကိုဖျက်ဆီးဖို့ကြံနေတဲ့ ဝါဒဖြန့်ချိမှုတွေသာဖြစ်ပြီး အသိ၊ သတိနဲ့ဆင်ခြင်နိုင်ကြဖို့ လိုအပ်ပါကြောင်း မီးမောင်းထိုးပြလိုက်ရပါတယ်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ပြတိုက်ပညာပေးအစီအစဉ်နှင့် ကလေးစာကြည့်တိုက်လှုပ်ရှားမှုအစီအစဉ်များ ကြည့်ရှုအားပေး



နေပြည်တော် ဩဂုတ် ၁၉

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီး ဒေါ်နုမြဲ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် အမျိုးသားပြတိုက်(နေပြည်တော်)၌ ကျင်းပသည့် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများ ပြတိုက်အသိပညာပေးရေးအစီအစဉ်သို့ တက်ရောက်သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက အမျိုးသားပြတိုက်(နေပြည်တော်)၌ ပြသထားသည့် ပြခန်းများနှင့်ပတ်သက်သည့် ရည်ရွယ်ချက်များ၊ ပရိုင်းမိတ်ကျောက်ဖြစ်ရုပ်ကြွင်းများကို မြန်မာနိုင်ငံမှ ပညာရှင်များက ရှာဖွေသုတေသနပြုခဲ့မှု၊ ကျောက်ခေတ်ဦး၊ ကျောက်ခေတ်လယ်၊ ကျောက်ခေတ်နှောင်းဟူ၍ ခေတ်သုံးခေတ်ထွန်းကားခဲ့မှု၊ မြန်မာနိုင်ငံ၏ ပန်းချီပညာ စတင်ထွန်းကားလာမှု၊ ပျူမြို့ဟောင်းများတွင် ထေရဝါဒဗုဒ္ဓဘာသာနှင့် ဟိန္ဒူဗြဟ္မဏ အယူဝါဒများ အပြိုင်ထွန်းကားခဲ့မှု၊ ယဉ်ကျေးမှုအဆင့်အတန်းနှင့် စာပေအထောက်အထားများ တွေ့ရှိမှုနှင့် ပုဂံရာဇဝင်သမိုင်းကြောင်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်မီမီခိုင်က ဌာနမှထုတ်ဝေသည့် စာအုပ်များကို အမှတ် (၁၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းစာကြည့်တိုက်အတွက် တာဝန်ခံဆရာမတစ်ဦးထံ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့သည် ကျောင်းသား ကျောင်းသူများကို ပရိုင်းမိတ်နှင့်ကျောက်ဖြစ်ရုပ်ကြွင်းပြခန်း၊ သမိုင်းမတင်မီခေတ် ပြခန်း၊ သမိုင်းတင် ခေတ်ဦးပြခန်း၊ သမိုင်းတင်ခေတ်ပြခန်းများအတွင်း လေ့လာနေမှုကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကျောင်းသား ကျောင်းသူများသည် မြန်မာ့ပန်းချီပြခန်း၊ မြန်မာ့အနုသုခုမပြခန်း၊ မြန်မာ့လက်မှုအနုပညာပြခန်း၊ အာဆီယံပြခန်း၊ ကလေးသူငယ်ပညာပေးပြခန်း၊ ဗုဒ္ဓအနုပညာပြခန်း၊ သီဟာသနပလ္လင်ပြခန်း၊ နိုင်ငံတော်သမ္မတများ အသုံးပြုခဲ့သည့် မော်တော်ယာဉ်များပြခန်းနှင့် လက်ဆောင်ပစ္စည်းများ ပြခန်းတို့ကို လေ့လာကြည့်ရှုကြရာ ပြတိုက်ဝန်ထမ်းများက လိုက်လံရှင်းလင်းပြသပြီး ဉာဏ်စမ်းပဟေဠိမေးခွန်းများဖြေဆိုရာ၌ ဆုရရှိကြသည့် ဆုရကျောင်းသား ကျောင်းသူများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ အမျိုးသားစာကြည့်တိုက် (နေပြည်တော်)၌ကျင်းပသည့် ကလေးစာကြည့်တိုက် လှုပ်ရှားမှုအစီအစဉ်သို့ တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ဌေးဌေးဆွေက ဌာနမှထုတ်ဝေသည့် စာအုပ်များကို အမှတ် (၁၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းစာကြည့်တိုက်အတွက် တာဝန်ခံဆရာမတစ်ဦးထံ ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောင်းသား ကျောင်းသူများကို ကလေးစာကြည့်တိုက်၊ Digital Signage Touch screen၊ အီလက်ထရွန်နစ်စာကြည့်တိုက်နှင့် စာဖတ်ခန်း၊ စာအုပ်စင်ခန်းနှင့် ပေ၊ ပုရပိုက်ထားရှိရာနေရာများသို့ လိုက်လံရှင်းလင်းပြသသည်။

အဆိုပါအစီအစဉ်သို့ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၀၀ လာရောက်လေ့လာခဲ့ကြပြီး ကလေးစာကြည့်တိုက်လှုပ်ရှားမှုအစီအစဉ်များဖြစ်သည့် စာဖတ်ပြခြင်း၊ e-book များ ဖတ်ကြားခြင်း၊ ကွန်ပျူတာမှ တစ်ဆင့်စာရှာခြင်း၊ ဉာဏ်စမ်းမေးခွန်းများ ဖြေဆိုခြင်း စသည့်အစီအစဉ်များကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါ်နုမြဲက အမျိုးသားစာကြည့်တိုက်(နေပြည်တော်)သို့ လာရောက်လေ့လာပြီး ဉာဏ်စမ်းပဟေဠိမေးခွန်းများ ဖြေဆိုခဲ့ကြသော ဆုရကျောင်းသား ကျောင်းသူများအား လက်ဆောင်ပစ္စည်းများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကယားပြည်နယ် ဝန်ကြီးချုပ် လွိုင်ကော်၌ အဆင့်မြှင့်ကတ္တရာကွန်ကရစ်လမ်း ခင်းကျင်းနေမှုများ ကြည့်ရှုစစ်ဆေး



လွိုင်ကော် ဩဂုတ် ၁၉

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ပြည်နယ်လမ်းဦးစီးဌာနမှ ထေးငွားလျားကန်နှင့် လွိုင်ကော်တက္ကသိုလ်ကြားရှိ ဖဖော်လမ်း အဆင့်မြှင့် ကတ္တရာကွန်ကရစ်ခင်းကျင်းနေမှုများကို ယနေ့နံနက်ပိုင်းက သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက လွိုင်ကော်တက္ကသိုလ်အနီးရှိ အများပြည်သူများအပန်းဖြေရာ ထေးငွားလျားကန်သာယာနှင့် ဘဲကန်များသို့သွားရောက်၍ ကန်များအတွင်း အမှိုက်သရိုက်နှင့် ရေမှော်၊ ဒိုက်များကင်းစင်စေရေး၊ ကန်ပတ်လမ်းများ သန့်ရှင်းသာယာလှပစေရေးနှင့် လွိုင်ကော် ကန္တရဝတီ ဂေါက်ကလပ်ဝင်းအတွင်း ပြုပြင်ထိန်းသိမ်းရန် လိုအပ်သည့်များကို ဆောင်ရွက်ရန် တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့ပြီး ပြည်သူများ အေးချမ်းပျော်ရွှင်စွာ ဂေါက်ကစားနေမှုများကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

# မိုးနဲမြို့နယ်၌ မိုးသီးနှံ့အစေ့ထုတ်ပြောင်းစံကွက်ရိတ်သိမ်း



မိုးနဲ ဩဂုတ် ၁၉

ရှမ်းပြည်နယ် (တောင်ပိုင်း) မိုးနဲမြို့နယ် စံကွက်ရိတ်သိမ်းရေးအဖွဲ့၏ စီစဉ်မှုဖြင့် မိုးသီးနှံ့အစေ့ထုတ်ပြောင်း စံကွက်ရိတ်သိမ်းခြင်းကို ယမန်နေ့ မွန်းလွဲ ၃ နာရီက နမ့်မော်ဆွမ့်ကျေးရွာ တောင်သူ ဦးစိုင်းအောင်ဖေ စိုက်ပျိုးထားသော CP-808 ပြောင်းစိုက်ခင်း၌ ဆောင်ရွက်ခဲ့သည်။

စံကွက်ကို (ဒသမ ၁၀) စံကွက်ဖြင့် ကောင်း၊ သင့်၊ ညံ့ သုံးကွက်ရိတ်သိမ်းခြင်းဖြစ်ပြီး ထွက်နှုန်းမှာ တစ်ဧက ၈ ဒသမ ၂ တင်း ၊ ပိဿာချိန် ၁၂၃၀ ထွက်ရှိကြောင်း၊ မိုးနဲမြို့နယ်အတွင်း အစေ့ထုတ်ပြောင်း စုစုပေါင်း ၂၃၂၂၅ ဧက စိုက်ပျိုးထားရှိပြီး အစေ့ထုတ် ပြောင်းသီးနှံ စပေါ်ချိန်တွင် တစ်ပိဿာ ငွေကျပ် ၁၀၀၀ ကျော် ဈေးရရှိကြောင်း သိရသည်။

**မျိုးညွန့်ရွှေ(မိုးနဲ)**


ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော
အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ


# မုဒုံမြို့နယ်၌ အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့် စပ်လျဉ်းသည့် အသိပညာပေးရှင်းလင်းပွဲ ကျင်းပ



မုဒုံ ဩဂုတ် ၁၉

မွန်ပြည်နယ် မုဒုံမြို့နယ်တွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်တွင်းအခွန်များ ဦးစီးဌာန၏ တည်ဆဲဥပဒေများနှင့် အညီ ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ခြင်းနှင့် စပ်လျဉ်း၍ အသိပညာပေးရှင်းလင်းခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းက ရွှေဟသာ်ခန်းမ၌ ကျင်းပခဲ့သည်။

**ရှင်းလင်းပြောကြား**

အခမ်းအနားတွင် မွန်ပြည်နယ် ပြည်တွင်းအခွန်များ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ချို့က အခွန်ပေးဆောင်ရခြင်း၏ ရည်ရွယ်ချက်၊ ပြည်တွင်းအခွန်များဦးစီးဌာန၏ ကျင့်သုံးနေသောဥပဒေများ၊ ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊ စားသောက်ဆိုင်၊ ဟိုတယ်/တည်းခိုခန်း၊ ရွှေထည်လက်ဝတ်ရတနာ၊ လက်ကိုင်ဖုန်းနှင့် ဆက်စပ်ပစ္စည်းများရောင်းချခြင်း စသည့်လုပ်ငန်းရှင်များအား ပြေစာထုတ်ပေးခြင်းနှင့် ပြေစာများအပေါ် အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရန် ပျက်ကွက်မှုကို ဒဏ်ငွေရိုက်ခြင်း၊ တိုင်ကြားခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် အခွန်ထမ်းလုပ်ငန်းရှင်များက သိလိုသည်များ မေးမြန်းပြီး တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း မြန်မာနိုင်ငံ ရောဂါထိန်းချုပ်နှိမ်နင်းရေးဗဟိုဌာနနှင့် ကျန်းမာရေးဝန်ထမ်းသင်တန်းကျောင်း တည်ဆောက်နေမှု ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၁၉

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအေးထွန်းနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ်၌ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ပံ့ပိုးမှုဖြင့် ဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံ ရောဂါထိန်းချုပ်နှိမ်နင်းရေးဗဟိုဌာနနှင့် ကျန်းမာရေးဝန်ထမ်းသင်တန်းကျောင်း တည်ဆောက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တည်ဆောက်ရေးလုပ်ငန်းခွင် အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် တည်ဆောက်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်နေသော ပြည်သူ့ကျန်းမာရေးဦးစီးဌာနက တာဝန်ရှိသူနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ CCCC Third Habouring Co., Ltd.တို့မှ တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှု၊ လိုအပ်ချက်များနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက ရောဂါထိန်းချုပ်နှိမ်နင်းရေးဗဟိုဌာနအတွက် လိုအပ်သည့် အဆင့်မြင့်ဓာတ်ခွဲခန်းသုံးပစ္စည်းများ တပ်ဆင်အသုံးပြုနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေနှင့် ကျန်းမာရေးဝန်ထမ်းများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စေလွှတ်၍ လေ့ကျင့်သင်ကြားပေးခြင်းများ ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားပြီး CCCC Third Habouring Co., Ltd. တို့မှ တာဝန်ရှိသူများထံ အမှတ်တရ သစ်သီးခြင်းပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တည်ဆောက်ရေးလုပ်ငန်းခွင်အတွင်းသို့ လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**လေ့ကျင့်သင်ကြားပေးသွားမည်**

မြန်မာနိုင်ငံ ရောဂါထိန်းချုပ်နှိမ်နင်းရေးဗဟိုဌာနနှင့် ကျန်းမာရေးဝန်ထမ်း သင်တန်းကျောင်း (Myanmar CDC)သည် ယွမ်သန်း ၄၀၀ ခန့်တန်ဖိုးရှိ နိုင်ငံတကာအဆင့်မီရောဂါထိန်းချုပ်နှိမ်နင်းရေး ဗဟိုဌာနတစ်ခုဖြစ်ပြီး (ဇီဝလုံခြုံမှုအဆင့်-၃) Biosafety Level- 3 အဆင့်အထိရှိသော ဓာတ်ခွဲခန်းများအပါအဝင် နိုင်ငံတကာအဆင့်မီဓာတ်ခွဲခန်းများ၊ ရောဂါထိန်းချုပ်နှိမ်နင်းရေးစနစ်များပါရှိသော သုံးထပ် ရောဂါထိန်းချုပ်နှိမ်နင်းရေး အဆောက်အအုံ၊ သင်တန်းသား သင်တန်းသူ ၄၀၀ ခန့် ထားရှိ၍ လေ့ကျင့်သင်ကြားပေးနိုင်မည့် သုံးထပ် ကျန်းမာရေးသင်တန်းကျောင်းအဆောက်အအုံနှင့် နှစ်ထပ် အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံတို့ ပါရှိသည်။ ထို့ပြင် Myanmar CDC တွင် တာဝန်ထမ်းဆောင်ကြမည့် ကျန်းမာရေးဝန်ထမ်းများကိုလည်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ စေလွှတ်၍ လေ့ကျင့်သင်ကြားပေးခြင်းများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း ပြည်တွင်းရေကြောင်းပို့ဆောင်ရေးရှိ ဒလသင်္ဘောကျင်းနှင့် ဒဂုံဆိပ်ကမ်းသင်္ဘောကျင်းများသို့ သွားရောက်ကြည့်ရှုစစ်ဆေး

ရန်ကုန် ဩဂုတ် ၁၉

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးရှိ ဒလသင်္ဘောကျင်းသို့ ရောက်ရှိရာ ဒလသင်္ဘောကျင်း အင်ဂျင်နီယာမှူးကြီးက လမ်းညွှန်မှာကြားချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု၊ ဒလသင်္ဘောကျင်း၏ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှုနှင့် ဆက်လက် အကောင်အထည်ဖော်ဆောင်ရွက်သွားမည့်အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဝန်ကြီးက ပြည်သူ့ပို့ဆောင်ရေးစနစ်ဖြစ်သည့် ရေကြောင်းပို့ဆောင်ရေးတွင် အဓိကကျသော သင်္ဘောများ လုံခြုံချောမွေ့စွာဖြင့် ကျယ်ကျယ်ပြန့်ပြန့် ပြေးဆွဲနိုင်ရေးနှင့် သင်္ဘောများကြံ့ခိုင် ကောင်းမွန်မှုရှိအောင် စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရန်နှင့် လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ဘဏ္ဍာနှစ်အလိုက် စီမံချက်များရေးဆွဲပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန်၊ လုပ်ငန်းဆောင်ရွက်မှုများနှင့် ပတ်သက်၍ တာဝန်ရှိသူအဆင့်ဆင့်က အနီးကပ်ကြီးကြပ်ဆောင်ရွက်ပြီး လုပ်ငန်းများလျာထားချက်အတိုင်းအချိန်မီ ဆောင်ရွက်ပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဒလသင်္ဘောကျင်းရှိ ရေယာဉ်ပြင်ဆင်နေမှု အခြေအနေ၊ စက်ရုံ၊ အလုပ်ရုံ၊ လွန်းလမ်းများနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များမှာကြားသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး ဒဂုံဆိပ်ကမ်း သင်္ဘောကျင်းသို့ ရောက်ရှိရာ ဒုတိယအင်ဂျင်နီယာမှူးကြီးက ဒဂုံဆိပ်ကမ်းသင်္ဘောကျင်း၏ ဌာနပိုင်ရေယာဉ်တည်ဆောက်ခြင်း၊ ပြုပြင်ခြင်းနှင့် ပုဂ္ဂလိကရေယာဉ်များ ပြင်ဆင်ဆောင်ရွက်နေမှုအခြေအနေကို ရှင်းလင်းတင်ပြသည်။



တင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီးက လုပ်ငန်းဆိုင်ရာလိုအပ်ချက်များကို မှာကြားပြီး ဒဂုံဆိပ်ကမ်းသင်္ဘောကျင်းရှိ ရေယာဉ်ပြင်ဆင်နေမှုအခြေအနေများ၊ စက်ရုံ၊ အလုပ်ရုံ၊ လွန်းလမ်းများနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(စစ်ကိုင်း)မှ လေ့လာရေးအဖွဲ့ ပြင်ဦးလွင်မြို့ရှိ သမဝါယမအသင်းစု မြို့မဈေးကြီးနှင့် ကော်ဖီလုပ်ငန်းများသို့ ကွင်းဆင်းလေ့လာ

ပြင်ဦးလွင် ဩဂုတ် ၁၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်သို့ သမဝါယမနှင့် စီမံခန့်ခွဲမှု ပညာတက္ကသိုလ်(စစ်ကိုင်း)မှ သမဝါယမပညာဌာန လူမှုစီးပွားရေးလုပ်ငန်း စီမံခန့်ခွဲမှုပညာ(အထူးပြု) ကျောင်းသား ကျောင်းသူများသည် စာတမ်း Term Paper ပြုစုရန်အတွက် ပြင်ဦးလွင်မြို့ရှိ သမဝါယမအသင်းစု မြို့မဈေးကြီး ကော်ဖီခြံနှင့် ကော်ဖီလုပ်ငန်းများသို့ ယမန်နေ့က ကွင်းဆင်းလေ့လာခဲ့သည်။



အဆိုပါ ဆောင်ရွက်ရာတွင် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မိုးကြည်၊ မြို့နယ်သမဝါယမအသင်းစုမှ ဦးအောင်တင်(ဥက္ကဋ္ဌ)၊ မြို့မဈေးကြီးမှ ဈေးသမဝါယမအသင်းလီမိတက်မှ ဦးထွန်းမြင့်(ဥက္ကဋ္ဌ)၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ဇင်မိုးလှိုင်၊ မေမြို့ ပါဆယ်ကော်ဖီလုပ်ငန်းမှ လုပ်ငန်းရှင် ဦးစိုးသိန်းနှင့် ရွှေမိုးကော်ဖီခြံမှ လုပ်ငန်းရှင် ဦးသန်းအောင်တို့က လိုအပ်သည်များကို ပူးပေါင်းကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သမဝါယမအသင်းများ လုပ်ငန်းပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းဆင်းပွဲ ကျင်းပ

မန္တလေး ဩဂုတ် ၁၉

သမဝါယမအသင်းများလုပ်ငန်းပိုင်းဆိုင်ရာစီမံခန့်ခွဲမှု သင်တန်းဆင်းပွဲကို ယမန်နေ့က မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မန္တလေး တိုင်းဒေသကြီးသမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်မိုးတင့်က သင်တန်းဆင်းအမှာစကားပြောကြားသည်။

အဆိုပါသင်တန်းကို ဩဂုတ် ၁၄ ရက်မှ ၁၈ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး မန္တလေးတိုင်းဒေသကြီးအတွင်းရှိ သမဝါယမအသင်းများတွင် တာဝန်ထမ်းဆောင်နေသည့် သမဝါယမအသင်းအမှုဆောင်များနှင့် အသင်းဝန်ထမ်း ၃၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၄၁၅၆ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၉-၈-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ (၁၈-၈-၂၀၂၃) ရက်နေ့၊ ည(၈:၀၀) နာရီမှ (၁၉-၈-၂၀၂၃)ရက်နေ့၊ ည(၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၁၅၆) ခုအား စစ်ဆေးပြီးစီးခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါ။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# ၂၀၂၃ ခုနှစ်၊ (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ကျင်းပရေးအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသော ပြိုင်ပွဲအဆင့်နှင့် ဘာသာရပ်များ ထုတ်ပြန်ကြေညာ

(ယမန်နေ့မှအဆက်)

**"အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး" ဘာသာရပ်အတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

၂။ ဝါသနာရှင်(ဒုတိယတန်း) အဆင့် (အမျိုးသမီး)
(က) ဇေယျာကမ်းအလှပန်းချီ (ရီရီသန့်)
(ခ) ပုဂံအလှရှာပုံတော် (ချိုဝေလွင်)
(ဂ) ပန်းရည်ဘဏ်တိုက် (ခင်သစ်လွင်)
(ဃ) ကြိုနေမယ့်နေ့များ (ဟေမာနေဝင်း)
(င) ငြိမ်းချမ်းရေးပန်းခင်း (လေးလေးဝါး)

၃။ အဆင့်မြင့်ပညာအဆင့်(အမျိုးသား)
(က) မြန်မာသီချင်းဆိုရအောင် (လှမြင့်ဝင်း)
(ခ) မြန်မာ့စိတ်ရင်းမြန်မာ့ရှုခင်း (ဝင်းဦး)
(ဂ) အကျင့်ဆိုး (ခိုင်ဝါ)
(ဃ) နေ့သစ် (စိုင်းထီးဆိုင်)

၄။ အဆင့်မြင့်ပညာအဆင့် (အမျိုးသမီး)
(က) မြန်မာ့အလှမြင်ကွင်းကျယ် (တက္ကသိုလ်လှဲ့လှဲ့)
(ခ) မြစ်ကြီးရေဝတီ (မြင့်မြင့်ခင်)
(ဂ) သားချင်းများဆုံတွေ့သောအခါ (တင်တင်မြ)
(ဃ) ဗိုလ်ရှုသဘင် (မြသက်မှု)

**(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ "စောင်း" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဖြူပြာမှုရာ (ပတ်ပျိုး)
(ခ) လေပြည်ဆော်သွင်းမြူး (ယိုးဒယား)
(ဂ) ထောင်ရောင်နေ (သီချင်းခံ)
(ဃ) သောင်းကျေးဒီပဲဗွေ (မွန်)
(င) ဘုန်းများများမင်း (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ခါနွေဆန်း (ယိုးဒယား)
(ခ) မြန်ချာမြေကို (ပတ်ပျိုး)
(ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ပန်းညောင်လိုင်ဖွဲ့ (ယိုးဒယား)
(ခ) ရွှန်းရွှန်းမြ (သီချင်းခံ)
(ဂ) သင်းရှုရင်းကြိုင် (ကြိုး)

၄။ အခြေခံပညာ (၁၅-၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) မိုင်းရိပ်ကယ်တည့် (ကြိုး)
(ခ) ဆန်းနွေဦး (ယိုးဒယား)
(ဂ) သည်ဆောင်းဟေမာန် (ဘွဲ့)

၅။ အခြေခံပညာ (၁၀-၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဆန်းဆန်းသဇ္ဈာကြာညောင် (ယိုးဒယား)
(ခ) မြတ်ပုလ္လင်တော်ရှေ့ (ဘွဲ့)
(ဂ) သီလာမြေယံ (ကြိုး)

**"စန္ဒယား" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) တောမြိုင်ခြေလမ်း (ယိုးဒယား)
(ခ) ယမုန်နာ (ပတ်ပျိုး)
(ဂ) တောင်ဇမ္ဗူပိုင် (ယိုးဒယား)
(ဃ) စိန်ကြယ်ညီးလင်း (မွန်)
(င) မိုးဒေဝါ-ချိန်ခါလေ (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) နန်းသီဟိုဠ် (ယိုးဒယား)
(ခ) မွေးလွန်းသည့်ပန်း (ကာလပေါ်) စန္ဒရားချစ်ဆွေ(Key-A^b)
(ဂ) ဒီပါအေးမြ (ပတ်ပျိုး)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) မဲဇာတောင်ခြေ (ပတ်ပျိုး)
(ခ) ဖူးရွှေလက်တင် (ကာလပေါ်) အောမ်းတင်တင်လှ (Key-C)
(ဂ) ဆန်းဆန်းသဇ္ဈာကြာညောင် (ယိုးဒယား)

၄။ အခြေခံပညာ (၁၅-၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) မြိုင်ယံရွှေလျှံ (ပတ်ပျိုး)
(ခ) ချောကလျာ (ကာလပေါ်) စန္ဒရားချစ်ဆွေ (Key-E^b)
(ဂ) ဆန်းနွေဦး (ယိုးဒယား)

၅။ အခြေခံပညာ (၁၀-၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) အတိုင်းမသိမင်္ဂလာ (ဘွဲ့)
(ခ) ကန္တာတောခြေ (ယိုးဒယား)
(ဂ) နှစ်ယောက်ထဲနေချင်တယ် (ကာလပေါ်) မာမာအေး(Key-F)

**"ပတ္တလား" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ခွာပြာသင်း (ပတ်ပျိုး)
(ခ) ညာသပြေဘောင် (ကြိုး)
(ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)
(ဃ) လေပြည်ဆော်သွင်းမြူး (ယိုးဒယား)
(င) ညင်းညင်း (မွန်)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) လျှပ်ပန်းခွေနွဲ့ (ယိုးဒယား)
(ခ) မိုင်းမှိုင်းမြ (သီချင်းခံ)
(ဂ) မြန်ချာမြေကို (ပတ်ပျိုး)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ရှစ်စုံရွက်ကြာ (ပတ်ပျိုး)
(ခ) နှင်းယွန်းခါဟေမန် (ယိုးဒယား)
(ဂ) ဘုံဆောင်မြင့် (ကြိုး)

၄။ အခြေခံပညာ (၁၅-၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) မုန်ရဝေ (ပတ်ပျိုး)
(ခ) ကျွန်းကျွန်းပိုင်သ (ကြိုး)
(ဂ) ကန္တာတောခြေ (ယိုးဒယား)

၅။ အခြေခံပညာ (၁၀-၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) သီလာမြေယံ (ကြိုး)
(ခ) ဂန္ဓမာတောင် (ဘွဲ့)
(ဂ) ဟေမန်ပွေဟန် (ပတ်ပျိုး)

**"နှဲ" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား)
(က) နှင်းယွန်းဂိမှာန် (မွန်)
(ခ) တောမြိုင်ခြေလမ်း (ယိုးဒယား)
(ဂ) သိင်္ဂီရွှေရောင် (ပတ်ပျိုး)
(ဃ) ဇမ္ဗူကျွန်းလုံး (သီချင်းခံ)
(င) မဲဇာတောင်ခြေ (ပတ်ပျိုး)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား)
(က) ရေယမုန် (ပတ်ပျိုး)
(ခ) တောဟေဝန်လယ် (ယိုးဒယား)
(ဂ) ဆဒ္ဒန်အိုင်သာ (သီချင်းခံ)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)
(က) မိုင်းရိပ်ကယ်တည့် (ကြိုး)
(ခ) လွမ်းဘွဲ့စေ (ပတ်ပျိုး)
(ဂ) ဂန္ဓမာတောင် (ဘွဲ့)

၄။ အခြေခံပညာ (၁၅-၂၀) အဆင့် (အမျိုးသား)
(က) မင်းလမ်းစပ်ကာ (ကြိုး)
(ခ) မင်္ဂလာသီရိ (ဘွဲ့)
(ဂ) မြိုင်ယံရွှေလျှံ (ပတ်ပျိုး)

၅။ အခြေခံပညာ (၁၀-၁၅) အဆင့် (အမျိုးသား)
(က) ဘုံဆောင်မြင့် (ကြိုး)
(ခ) လာချေပြီ (ကြိုး)
(ဂ) ထွေတလာ (ကြိုး)

**"ပလွေ" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား)
(က) ဖန်ထွေလာ (မွန်)
(ခ) ကြုံကြုံဖန်ဖန် (ယိုးဒယား)
(ဂ) သိင်္ဂီရွှေရောင် (ပတ်ပျိုး)
(ဃ) ထောင်ရောင်နေ (သီချင်းခံ)
(င) တောင်ဇမ္ဗူပိုင် (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား)
(က) ရေယမုန် (ပတ်ပျိုး)
(ခ) မှော်ရုံဟေဝန် (ယိုးဒယား)
(ဂ) ရွှန်းရွှန်းမြ (သီချင်းခံ)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား)
(က) ဇေယျာအောင်ချာ (ကြိုး)
(ခ) ဂန္ဓမာရိပ်သာ (ပတ်ပျိုး)
(ဂ) ဂန္ဓမာတောင် (ဘွဲ့)

၄။ အခြေခံပညာ (၁၅-၂၀) အဆင့် (အမျိုးသား)
(က) လှဲ့လှဲ့စိမ်းရောင် (ကြိုး)
(ခ) ဟေမဝန်ချာ (ဘွဲ့)
(ဂ) လွမ်းဘွဲ့စေ (ပတ်ပျိုး)

၅။ အခြေခံပညာ (၁၀-၁၅) အဆင့် (အမျိုးသား)
(က) သီလာမြေယံ (ကြိုး)
(ခ) ဇေယျာမြို့ (ကြိုး)
(ဂ) မင်းလမ်းစပ်ကာ (ကြိုး)

**"တယော" ပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) အိုသာတင့်ဆုံး (ယိုးဒယား)
(ခ) အောင်မြေမြမန်း (ပတ်ပျိုး)
(ဂ) မိုးလုံးပတ်လည် (ပတ်ပျိုး)
(ဃ) သာဆန်းရုံဗွေ (ပတ်ပျိုး)
(င) မန်းတောင်လက်ယာ (ယိုးဒယား)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) မြိုင်ကြီးဟေမာ (ယိုးဒယား)
(ခ) ချစ်သမျှကို (ပတ်ပျိုး)
(ဂ) မေတ္တာသံဝေ (ကာလပေါ်)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) မေတ္တာဂုဏ် (ကာလပေါ်)ပြည်လှဖေ
(ခ) တောင်တောသာယာ (ယိုးဒယား)
(ဂ) ဇေယျာမြို့ (ကြိုး)

၄။ အခြေခံပညာ (၁၅-၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) သူဌေးဝါဒ (ကာလပေါ်)
(ခ) ညဦးသုံးယံခါ (ပတ်ပျိုး)
(ဂ) ဝေဖယန်နှင့်နှုန်းငြား (ကြိုး)

၅။ အခြေခံပညာ (၁၀-၁၅) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ရွှေပဇ္ဇုန် (ယိုးဒယား)
(ခ) တိမ်တမန် (ကာလပေါ်)
(ဂ) ရွှေပြည်ကြီးဇရာ (ကြိုး)

**"မယ်ဒလင်" အတီးပြိုင်ပွဲအတွက် ယှဉ်ပြိုင်ရန် သတ်မှတ်ထားသည့် တေးသီချင်းများ**

၁။ ဝါသနာရှင် (ပထမတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) အောင်မင်္ဂလာ (ယိုးဒယား)
(ခ) ရဝိန်ဒေါင်းယာဉ်ပျံ (ပတ်ပျိုး)
(ဂ) မန္တလာဘုံ (ဘွဲ့)
(ဃ) ကျွန်းကျွန်းပိုင်သ (ကြိုး)
(င) အမင်းမင်းခရ (သီချင်းခံ)

၂။ ဝါသနာရှင် (ဒုတိယတန်း) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ညို့ညို့ဆိုင်းဆိုင်း (ပတ်ပျိုး)
(ခ) သူဌေးဝါဒ (ကာလပေါ်)
(ဂ) မင်္ဂလာသီရိ (ဘွဲ့)

၃။ အဆင့်မြင့်ပညာအဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) ဇေယျာအောင်ချာ (ကြိုး)
(ခ) ဂုဏ်တော်ဖွင့် (ကာလပေါ်)
(ဂ) ဝိဇ္ဇာတောလား (ယိုးဒယား)

၄။ အခြေခံပညာ (၁၅-၂၀) အဆင့် (အမျိုးသား၊ အမျိုးသမီး)
(က) သည်ဆောင်းဟေမန် (ဘွဲ့)
(ခ) လက်ရေတပြင်တည်း (ကာလပေါ်)
(ဂ) ထွေထွေဆန်းဆန်း (ယိုးဒယား)

(ဆက်လက်ဖော်ပြပါမည်)

# အမေရိကန်က ရွေးကောက်ပွဲအရေးအကြောင်းပြချက်ဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းနေဟု ဝန်ကြီးချုပ်ရှိတ်ဟာဆီနာပြောကြား

ဒါကာ ဩဂုတ် ၁၉

အမေရိကန်နိုင်ငံက ဘင်္ဂလားဒေ့ရှ်နိုင်ငံအား တရားမျှတသည့် ရွေးကောက်ပွဲကျင်းပရန်နှင့် လူ့အခွင့်အရေးကို ထိန်းသိမ်းစောင့်ရှောက်ရန် ဟူသည့် အကျိုးအကြောင်း ဆီလျော်မှုမရှိသည့် တောင်းဆိုချက်များ တောင်းဆိုပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် ကြိုးပမ်းနေကြောင်း ဝန်ကြီးချုပ်ရှိတ်ဟာဆီနာက ပြောကြားသည်။



**ထပ်လောင်းပြောကြား**

ဘင်္ဂလားပင်လယ်အော် ဒေသတွင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပြည်တွင်းရေး မတည်မငြိမ်ဖြစ်လာမည့် အရေးကို အမေရိကန်က အခွင့်ကောင်းယူ အသုံးချရန် လုပ်ဆောင်နေကြောင်း ၎င်းက ထပ်လောင်းပြောကြားသည်။

**မှတ်ချက်ပြု**

အမေရိကန်၏ ယခုဆောင်ရွက်ချက်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ရွေးကောက်ပွဲစနစ်နှင့် ဒီမိုကရေစနစ်ကို အားကောင်းလာစေရေးအတွက် ရည်ရွယ်လုပ်ဆောင်ခြင်းမဟုတ်ဘဲ အိန္ဒိယသမုဒ္ဒရာဒေသနှင့် ဘင်္ဂလားပင်လယ်အော် ဒေသတို့ကို လွှမ်းမိုးနိုင်စေရန်အတွက် ရွေးကောက်ပွဲနှင့် ဒီမိုကရေစီအရေးများ ဗန်းပြကာ ပြည်ပနိုင်ငံများကို ဖျက်လိုဖျက်ဆီးပြုလိုသည့် အမေရိကန်၏ တစ်ဖက်သတ်ဆောင်ရွက်ချက်ဖြစ်ကြောင်း ၎င်းက မှတ်ချက်ပြုပြောကြားသည်။

ရှိတ်ဟာဆီနာ၏ ဖခင်ဖြစ်သူ Sheikh Mujibur Rahman အား သတ်ဖြတ်ကြောင်း ဝန်ခံခဲ့သည့် Rashed Chowdhury ကို အမေရိကန်နိုင်ငံက ခိုလှုံခွင့်ပေးခြင်းအပေါ် ရှိတ်ဟာဆီနာက ဝေဖန်ခဲ့ပြီး လူသတ်သမားများအား ခိုလှုံခွင့်ပေးသည့်နိုင်ငံက လူ့အခွင့်အရေး၊ ရွေးကောက်ပွဲနှင့် ပွင့်လင်းမြင်သာမှုတို့ကို ကိုယ်စားပြုပြောဆိုခြင်းအပေါ် မေးခွန်းထုတ်ရမည်ဟု ပြောဆိုခဲ့သည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**

# တရုတ်အားလပ်ရက်အပန်းဖြေခရီးထွက်သူများ ဂျပန်နိုင်ငံသို့ အလည်အပတ်လာရောက်

တိုကျို ဩဂုတ် ၁၉

တရုတ်အစိုးရက သုံးနှစ်ခွဲခန့် အုပ်စုလိုက်ခရီးစဉ်များကို ပိတ်ပင်ထားမှုအား ရုပ်သိမ်းပြီးနောက် တရုတ်အားလပ်ရက် အပန်းဖြေခရီးထွက်သူများသည် ၎င်းတို့၏သူငယ်ချင်းများ၊ မိသားစုများနှင့်အတူ ဂျပန်နိုင်ငံသို့ အလည်အပတ်လာရောက်ကြကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ထိန်းချုပ်ရန်အတွက် တရုတ်အာဏာပိုင်များသည် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် အုပ်စုလိုက် ခရီးသွားရောက်မှုများကို ပိတ်ပင်သည့်အစီအမံကို စတင်အကောင်အထည်ဖော်ခဲ့သည်။

ဩဂုတ် ၁၀ ရက်တွင် ပြန်လည်ဖြေလျှော့ပေးခဲ့သည့် နိုင်ငံနှင့် ဒေသ ၇၈ ခုတို့တွင် ဂျပန်နိုင်ငံလည်း ပါဝင်ခဲ့သည်။ ဩဂုတ် ၁၈ ရက်တွင် တရုတ်နိုင်ငံသား ၂၆ ဦးသည် ကွမ်ကျိုးမြို့ရှိ လေဆိပ်မှ အိုဆာကာမြို့သို့ ထွက်ခွာလာကြောင်း သိရသည်။

တရုတ်အမျိုးသားတစ်ဦးကလည်း ကျိုတိုမြို့သို့ လာရောက်လည်ပတ်ရန် မျှော်လင့်ထားပြီး နောက်ထပ်တစ်ဦးကလည်း မန်ဂါနှင့် အန်နီမီကဲ့သို့သော ဂျပန်ကာတွန်းယဉ်ကျေးမှုကို စိတ်ဝင်စားကြောင်း ပြောကြားသည်။

စက်တင်ဘာလ နှောင်းပိုင်းတွင် စတင်မည့် တရုတ်နိုင်ငံ၏ အားလပ်ရက်ရှည်ကာလမတိုင်မီ ဂျပန်နိုင်ငံသို့ အုပ်စုလိုက်ခရီးသွားခြင်းဆိုင်ရာ စုံစမ်းမေးမြန်းမှု အရေအတွက် မြင့်တက်လာသည်ဟု ခရီးသွားအေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ဖူကူရှီးမားစီရင်စုနှင့် ဂျပန်နိုင်ငံအရှေ့မြောက်ပိုင်းရှိ အခြားဒေသများသို့ ခရီးစဉ်များကို လက်ရှိတွင် ကန့်သတ်ပိတ်ပင်ထားကြောင်း အခြားခရီးသွားအေဂျင်စီတစ်ခုက ပြောသည်။



ပျက်စီးနေသော ဖူကူရှီးမား ဒိုင်အိချိ နျူကလီးယား ဓာတ်အားပေးစက်ရုံမှ သန့်စင်ထားသောရေများကို သမုဒ္ဒရာထဲသို့ စွန့်ထုတ်ရန် ဂျပန်နိုင်ငံ၏ အစီအစဉ်ကို တရုတ်အစိုးရက ပြင်းပြင်းထန်ထန် ကန့်ကွက်လျက်ရှိသည်။

ဂျပန်နိုင်ငံသည် ကိုဗစ်-၁၉ ရောဂါ မဖြစ်ပွားမီက တရုတ်ခရီးသွားများအတွက် အလွန်ရေပန်းစားသော နိုင်ငံဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ပြုံယမ်းက ဝေဟင်ပစ်ဒုံးကျည်စနစ်သစ် တင်ဆောင်သည့် သင်္ဘောတစ်စင်း ဖြန့်ကြက်ထားမည်

ပြုံယမ်း ဩဂုတ် ၁၉

အမေရိကန် ကင်းထောက်လေယာဉ်များ တရားမဝင် ကျူးကျော်ဝင်ရောက်မှုကို ဟန့်တားရန်အတွက် ဝေဟင်ပစ်ဒုံးကျည်စနစ်သစ် တင်ဆောင်သည့် သင်္ဘောတစ်စင်းကို ဖြန့်ကြက်ချထားမည် ဖြစ်ကြောင်း မြောက်ကိုရီးယားက ပြောကြားသည်။

**ကြေညာချက်တစ်ရပ်ထုတ်ပြန်**

ကိုရီးယား ပြည်သူ့တပ်မတော်၏ ပြောရေးဆိုခွင့်ရှိသူက အဆိုပါလေယာဉ်ပစ်ဒုံးကျည်စနစ်သစ် တင်ဆောင်သည့် သင်္ဘောဖြန့်ကြက်ထားခြင်းနှင့် ပတ်သက်ပြီး နိုင်ငံပိုင် ကိုရီးယားဗဟိုသတင်းအေဂျင်စီမှတစ်ဆင့် ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့သည်။

မြောက်ကိုရီးယား၏ စီးပွားရေးဇုန်အတွင်းသို့ အမေရိကန်လေယာဉ် သုံးကြိမ် ကျူးကျော်ဝင်ရောက်ပြီးနောက် ဩဂုတ် ၁၇ ရက်တွင် မြောက်ကိုရီးယား ကာကွယ်ရေးတပ်ဖွဲ့က တိုက်လေယာဉ်များဖြင့် ရှာဖွေရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြောက်ကိုရီးယားသည် ၎င်း၏ အချုပ်အခြာအာဏာကို ကာကွယ်ရန် မည်သည့် အရေးယူဆောင်ရွက်မှုကိုမဆို လုပ်ဆောင်ရန် အသင့်ရှိကြောင်း ကြေညာချက်တွင် ဖော်ပြထားသည်။

**စမ်းသပ်ပစ်လွှတ်**

ပြုံယမ်းသည် ဇူလိုင်လအတွင်းက အမေရိကန် ကင်းထောက်လေယာဉ်တစ်စင်းကို တရားမဝင် ကျူးကျော်ဝင်ရောက်ခဲ့ကြောင်းလည်း စွပ်စွဲခဲ့သည်။ ယင်းနောက် မြောက်ကိုရီးယားသည် တိုက်ချင်းပစ်ဒုံးကျည် အမျိုးအစားသစ်ဟုဆိုသည့် ဒုံးကျည်တစ်စင်းကို စမ်းသပ်ပစ်လွှတ်ခဲ့သည်။

ဝါရှင်တန်မြို့၌ ကျင်းပမည့်အမေရိကန်၊ ဂျပန်နှင့်တောင်ကိုရီးယားနိုင်ငံတို့အကြား သုံးနိုင်ငံ ထိပ်သီးဆွေးနွေးပွဲမတိုင်မီ အဆိုပါထုတ်ပြန်ချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**

**ဘာသာပြန် - အောင်ကျော်ကျော်**

# ယူကရိန်းနိုင်ငံ၌ ဇီဝလက်နက်ထုတ်လုပ်ရန်ရည်ရွယ်ချက်ဖြင့် အမေရိကန်က ဇီဝဓာတ်ခွဲခန်းများတည်ဆောက်နေဟု ဒီမိုကရက်တစ်ကိုယ်စားလှယ်လောင်းတစ်ဦး ပြောကြား

မော်စကို ဩဂုတ် ၁၉

ယူကရိန်းနိုင်ငံအတွင်း ဇီဝလက်နက်ထုတ်လုပ်ရန်ရည်ရွယ်ချက်ဖြင့် အမေရိကန်က ဇီဝဓာတ်ခွဲခန်းများ တည်ဆောက်နေကြောင်း ၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် ဒီမိုကရက်တစ်ကိုယ်စားလှယ်လောင်း ရောဘတ်ကနေဒီဂျူနီယာက ပြောကြားခဲ့သည်။

**မှတ်ချက်ပြုပြောကြား**

ဇီဝလက်နက်များကို ဇီဝနည်းပညာနှင့် မျိုးရိုးဗီဇအင်ဂျင်နီယာပညာများ ပေါင်းစပ်ကာ ထုတ်လုပ်ခြင်းဖြစ်ကြောင်း ၎င်းက တွစ်တာတွင် မှတ်ချက်ပြုပြောကြားသည်။

၂၀၀၁ ခုနှစ်တွင် အမေရိကန်နိုင်ငံက အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ ဇီဝလက်နက်ဆိုင်ရာ ဓာတ်ခွဲခန်းများကို ဖွင့်လှစ်၍ ငွေကြေးအမြောက်အမြားဖြင့် လုပ်ငန်း ဆောင်ရွက်ခဲ့ခြင်းသည်လည်း ဂျီနီဗာကွန်ဗင်းရှင်းကို ချိုးဖောက်ခဲ့ခြင်းပင်ဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ ယူကရိန်းနိုင်ငံတွင် ဇီဝလက်နက်ဆိုင်ရာ ဓာတ်ခွဲခန်းများ ဖွင့်လှစ်သည်ဆိုသည့် စွပ်စွဲချက်အပေါ် အမေရိကန်က ငြင်းဆိုခဲ့သည်။

ယူကရိန်းနိုင်ငံတွင် အမေရိကန်၏ အထောက်အပံ့ဖြင့် ဇီဝလက်နက်ထုတ်လုပ်ရေးအစီအစဉ်များ ဆောင်ရွက်နေကြောင်း အထောက်အထားများကို ရုရှားကာကွယ်ရေးဝန်ကြီးဌာနက ဖော်ထုတ်ခဲ့ပြီး ၎င်းဓာတ်ခွဲခန်းများရှိ အန္တရာယ်ရှိသော ဇီဝလက်နက်ထုတ်လုပ်ရေးပစ္စည်းများကို ရုရှားနိုင်ငံက ဆင်နွှဲခဲ့သည့် အထူးစစ်ဆင်ရေးအတွင်း ဖျက်ဆီးနိုင်ခဲ့ကြောင်း ပြောကြားခဲ့သည်။ **ကိုးကား - စီဂျီတီအင်န်**

**ဘာသာပြန် - စိုးသူရ**

# အီဂျစ်နိုင်ငံ စူးအက်တူးမြောင်း၌ အစိမ်းရောင်မက်သနောဓာတ်ငွေ့ဖြင့် ပထမဆုံးရေယာဉ်တစ်စင်းအား လောင်စာဓာတ်ငွေ့ ဖြည့်သွင်းပေးခဲ့

ကိုင်ရို ဩဂုတ် ၁၉

အစိမ်းရောင် မက်သနောဓာတ်ငွေ့ဖြင့် ပထမဆုံး နိုင်ငံတကာရေယာဉ်တစ်စင်းကို လောင်စာဓာတ်ငွေ့ ဖြည့်သွင်းပေးနိုင်ခဲ့ကြောင်း စူးအက်တူးမြောင်း စီးပွားရေးဇုန် (SCZone) အထွေထွေအာဏာပိုင်အဖွဲ့က ဩဂုတ် ၁၈ ရက်တွင် ကြေညာခဲ့သည်။

"ယခုဆောင်ရွက်ချက်သည် အီဂျစ်နိုင်ငံတွင် ပထမဆုံးအကြိမ်ဖြစ်သည်။ ၎င်းဆောင်ရွက်ချက်သည် သင်္ဘောများအတွက် လောင်စာဖြည့်သွင်းရေး ဝန်ဆောင်မှုများ ပေးခြင်းဆိုင်ရာ အခန်းကဏ္ဍကို ပြန်လည်ထူထောင်ရန်အတွက် အီဂျစ်နိုင်ငံက ဆောင်ရွက်သော မဟာဗျူဟာ၏ တစ်စိတ်တစ်ပိုင်းဖြစ်ပြီး မြေထဲပင်လယ်နှင့် ပင်လယ်နီရှိ အီဂျစ်ဆိပ်ကမ်းများ အကျိုးရှိစေရေး ဆောင်ရွက်သည့် ခြေလှမ်းဖြစ်သည်။

ဒိန်းမတ်သင်္ဘောလုပ်ငန်းစု Maersk က ပိုင်ဆိုင်သည့် ပထမဆုံး အစိမ်းရောင် စွမ်းအင်သုံး သင်္ဘောသည် အာရှမှ ဥရောပသို့ ခရီးစဉ်တွင် စူးအက်တူးမြောင်းကို ဖြတ်ကျော်၍ ခုတ်မောင်းခဲ့သည်။

၎င်းသင်္ဘောသည် East Port ဆိပ်ကမ်းတွင် အစိမ်းရောင်မက်သနောဓာတ်ငွေ့တန်ချိန် ၅၀၀ ဖြင့် လောင်စာဓာတ်ငွေ့ဖြည့်ခြင်းကို ဩဂုတ် ၁၇ ရက်က ခြောက်နာရီနီးပါးကြာမျှ ဆောင်ရွက်ခဲ့သည်။

SCZone ၏ ဆိပ်ကမ်းများကို အစိမ်းရောင်စွမ်းအင်ဖြင့် သင်္ဘောများကို လောင်စာဓာတ်ငွေ့ဖြည့်သွင်းရေး ဒေသဆိုင်ရာ အချက်အချာနေရာများအဖြစ် ပြောင်းလဲရန် စီစဉ်နေကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**

**ဘာသာပြန် - စိုးသူရ**





## ဟသ်ာတမြို့နယ်အတွင်းရှိ လုပ်ငန်းရှင်များနှင့် ပြည်တွင်းအခွန်ဦးစီးဌာနမှ တာဝန်ရှိသူများ တွေ့ဆုံဆွေးနွေး

ဟသ်ာတ ဩဂုတ် ၁၉

ဧရာဝတီတိုင်းဒေသကြီး ဟသ်ာတမြို့နယ်တွင် တိုင်းဒေသကြီး ပြည်တွင်းအခွန်ဦးစီးဌာနမှ တာဝန်ရှိသူများသည် ဟသ်ာတမြို့နယ် အတွင်းရှိ ဟိုတယ်/တည်းခိုခန်းလုပ်ငန်းရှင်များ၊ စားသောက်ဆိုင် လုပ်ငန်းရှင်များ၊ ရွှေဆိုင်လုပ်ငန်းရှင်များ၊လက်ကိုင်ဖုန်းနှင့်ဆက်စပ် ပစ္စည်းအရောင်းဆိုင် လုပ်ငန်းရှင်များနှင့် ယမန်နေ့ နံနက် ၁၀နာရီက ဟသ်ာတမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနရုံး အစည်းဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့သည်။

### အသိပညာပေး

တွေ့ဆုံပွဲတွင် ဧရာဝတီတိုင်းဒေသကြီး အခွန်ဦးစီးဌာနမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးခွန်ဇာလွင်နှင့် ဟသ်ာတမြို့နယ်အခွန် ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နော်ခူးဝါးဖော တို့က ပြည်တွင်းအခွန်များဦးစီးဌာန၏ ကျင့်သုံးနေသော ဥပဒေများ၊ ကောက်ခံလျက်ရှိသော အခွန်အမျိုးအစားများ၊လုပ်ငန်းရှင်များနှင့် စားသုံးသူ ပြည်သူများ လိုက်နာဆောင်ရွက်ရန်အချက်များ၊ပြေစာထုတ်ပေးခြင်းနှင့် ပြေစာများအပေါ် သတ်မှတ်အခွန်တံဆိပ်ကပ်နှိပ်ရန် ပျက်ကွက်မှုများအား တိုင်ကြားနိုင်ခြင်း၊ သတ်မှတ်စည်းမျဉ်းစည်းကမ်းများကို ဖောက်ဖျက်ကျူးလွန်ပါက ခံစားရမည့် ပြစ်မှုပြစ်ဒဏ်များ စသည်တို့ကို လုပ်ငန်းရှင်များအား အကျယ်တဝင့် ရှင်းလင်းဆွေးနွေး အသိပညာပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ပုသိမ် ဩဂုတ် ၁၉

ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်သည့် မဒေ့ါကုန်းကျေးရွာ ကုန်ထုတ်တံတား (၃၅x၁၄x၁၂)ပေအား တင်ဒါ အောင်မြင် ငွေကျပ် ၁၀၂ ဒသမ ၉ သန်းဖြင့် ဆောင်ရွက်သည့် လုပ်ငန်းကို ဧရာဝတီတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးနေထက်ရှိန်၊ ညွှန်ကြားရေးမှူးနှင့် ပုသိမ်ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဌေးနိုင်နှင့် ဒုတိယညွှန်ကြားရေးမှူးတို့ ကွင်းဆင်းစစ်ဆေးရာ ပုသိမ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မိုးမြင့်၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်း ကော်မတီဝင်များက လိုက်လံရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ငပုတောမြို့ ကျောက်ချောင်းကျေးရွာအုပ်စု ခမောက်မော်ကျေးရွာ ကုန်ထုတ်ဆိပ်ခံတံတား (၁၁၀ x၁၀x၁၂) ပေ ခွင့်ပြုငွေကျပ် ၉၆ သန်းဖြင့် ဆောင်ရွက်သည့်လုပ်ငန်းအား ကွင်းဆင်းစစ်ဆေးရာ ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်း လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းကော်မတီဝင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။



၂၂၂

## ဘီးလင်းမြို့ အထက(ခွဲ)လိပ်ခုံး၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်း ကျင်းပ

ဘီးလင်း ဩဂုတ် ၁၉

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူငယ်ရေးရာ ကော်မတီနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ ကျောင်းသားကျောင်းသူများ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းကို ယနေ့ မွန်းလွဲ ၁ နာရီက ဘီးလင်းမြို့ အထက(ခွဲ)လိပ်ခုံးကျောင်း ပတ္တမြားခန်းမ၌ ကျင်းပရာ ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးမိက အဖွင့်အမှာစကားပြောကြားသည်။



ထို့နောက် ဘီးလင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးမျိုးမျိုးစံက လူငယ်စကားဝိုင်း ကျင်းပရသည့် ရည်ရွယ်ချက်နှင့် ထူးချွန်လူငယ်များ ပေါ်ထွန်းလာစေရေး ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ စကားဝိုင်းကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက အစီအစဉ်တင်ဆက်သူအဖြစ် ဆောင်ရွက်ပြီး မြို့နယ်အားကစားနှင့်ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းရွှေနှင့်အတူ အထက(ခွဲ) လိပ်ခုံးကျောင်းမှ Grade -11 ကျောင်းသား ကျောင်းသူ သုံးဦးနှင့် Grade -10 ကျောင်းသူ နှစ်ဦးတို့က "လူငယ်နှင့်ခေါင်းဆောင်မှု"၊ "လူငယ်နှင့် အထက်တန်းစားစိတ်ဓာတ်"၊ "လူငယ်နှင့်ပရဟိတစိတ်ဓာတ်"၊ "လူငယ်နှင့်ရည်မှန်းချက်"၊" လူငယ်နှင့်မူးယစ်ဆေး" ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့်ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များ မေးမြန်းဆွေးနွေးကြရာ ဦးဆောင်ဆွေးနွေးသူတို့က ပြန်လည်ရှင်းလင်း ဖြေကြားပေးခဲ့ကြသည်။

ထို့ပြင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိမှတ်ဖွယ်ရာ နံရံကပ်စာစောင်များကို ခင်းကျင်းပြသထားရာ လူငယ်စကားဝိုင်း ဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၈-၂၀၂၄ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၂၃၅ | ၂၂၈၅ | ၂၂၇၅ | ၂၂၄၅ | ၂၂၈၀ | ၂၃၀၅ | ၂၂၉၀ | ၂၂၇၀ | ၂၃၆၅ | ၂၃၈၀ | ၂၂၇၅ | ၂၂၈၅ | ၂၃၂၀ | ၂၃၂၀ | ၂၃၂၅ | ၂၅၅၀ | ၃၃၁၅ |
| 95 Ron | ၂၃၄၅ | ၂၃၉၅ | ၂၃၉၅ | ၂၃၅၅ | ၂၃၉၅ | ၂၄၁၅ | ၂၄၀၀ | ၂၃၈၀ | ၂၄၇၅ | ၂၄၉၅ | ၂၃၈၅ | ၂၄၀၀ | ၂၄၃၀ | ၂၄၃၀ | ၂၄၃၅ | ၂၆၆၅ | ၃၄၁၅ |
| HSD (500 ppm) | ၂၄၂၅ | ၂၄၇၅ | ၂၄၇၀ | ၂၄၃၅ | ၂၄၇၅ | ၂၅၀၀ | ၂၄၉၅ | ၂၄၆၀ | ၂၅၈၀ | ၂၅၇၅ | ၂၄၆၅ | ၂၄၇၅ | ၂၅၁၀ | ၂၅၁၅ | ၂၅၁၅ | ၂၇၄၅ | ၃၄၁၅ |
| HSD (50 ppm) | ၂၅၀၅ | ၂၅၅၀ | ၂၅၅၀ | ၂၅၁၀ | ၂၅၅၀ | ၂၅၇၅ | ၂၅၇၀ | ၂၅၃၅ | ၂၆၅၅ | ၂၆၅၀ | ၂၅၄၅ | ၂၅၅၅ | ၂၅၉၀ | ၂၅၉၀ | ၂၅၉၀ | ၂၈၂၀ | ၃၄၇၅ |
| HSD (10 ppm) | ၂၅၀၅ | ၂၅၅၀ | ၂၅၅၀ | ၂၅၁၀ | ၂၅၅၀ | ၂၅၇၅ | ၂၅၇၀ | ၂၅၃၅ | ၂၆၅၅ | ၂၆၅၀ | ၂၅၄၅ | ၂၅၅၅ | ၂၅၉၀ | ၂၅၉၀ | ၂၅၉၀ | ၂၈၂၀ | ၃၄၇၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၁၂၄ | ၂၂၀၀ |
| 95 Ron | ၂၂၃၂ | ၂၃၁၁ |
| HSD (500 ppm) | ၂၃၁၁ | ၂၃၈၇ |
| HSD (50 ppm) | ၂၃၈၅ | ၂၄၆၂ |
| HSD (10 ppm) | ၂၃၈၅ | ၂၄၆၂ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ**

## လျှပ်စစ်သုံးယာဉ်များအကြောင်း သိကောင်းစရာများ ဆွေးနွေးဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၉

ဆောက်လုပ်ရေး၊ အိမ်ရာနှင့် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဆိုင်ရာ ပြပွဲကြီးကို ဩဂုတ် ၁၈ ရက်မှ ၂၀ ရက်အထိ သုံးရက်ကြာ ရန်ကုန်မြို့ အင်းယားလိတ် ဟိုတယ်ဝင်းရှိ Yangon Convention Center ၌ ကျင်းပလျက်ရှိသည်။

အဆိုပါပြပွဲတွင် ကျွမ်းကျင်ပညာရှင်များက ဆောက်လုပ်ရေးနှင့် အခြားဝန်ဆောင်မှုဆိုင်ရာများကို ဆွေးနွေးဟောပြောမည်ဖြစ်ရာ ဩဂုတ် ၂၀ ရက်တွင် မွန်းလွဲ ၁ နာရီမှ ၄ နာရီအထိ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်မှ ပညာရှင်များဖြစ်သည့် ဒေါက်တာ ကျော်ကျော်မိုးက လျှပ်စစ်မော်တော်ယာဉ် EV ကား ဘက်ထရီအကြောင်းကိုလည်းကောင်း၊ ဒေါ်ရင်ရင်မြက လျှပ်စစ်မော်တော်ယာဉ်များ၏ ဘက်ထရီနည်းပညာကောင်းကျိုးနှင့်စိန်ခေါ်မှုများ၊ ဘက်ထရီသိုလှောင်အားကို ဟိုက်ဘရစ်စွမ်းအင်ဖြင့် အကောင်ဆုံးအသုံးချခြင်းကိုလည်းကောင်း၊ ဦးအောင်ကျော်လင်းက UNR 100 စံချိန်စံညွှန်းသတ်မှတ်ချက်များအကြောင်းကိုလည်းကောင်း ဆွေးနွေးဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။ **မျိုးမင်းသူရ**

## လေဖိအားနည်းရပ်ဝန်းအခြေအနေ

နေပြည်တော် ဩဂုတ် ၁၉

ယနေ့ညနေ ၅ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်-ဩရိဿပြည်နယ်မြောက်ပိုင်းကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ်မြောက်ပိုင်းသို့ ရောက်ရှိခဲ့ပြီး အနောက်-အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ကာ တဖြည်းဖြည်း အားလျော့သွားမည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

# တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့၊ ရွာများ၊ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများ၌ သန့်ရှင်းရေးလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၉

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိပြီး အပတ်စဉ် စနေနေ့တိုင်း မိမိတို့၏ မြို့၊ ရွာ ဒေသများ သန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိသည့်အပြင် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ ပညာသင်ကြားနိုင်ရေး၊ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာလှပရေးအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ အခြေခံပညာကျောင်းများ၌ ကျောင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ဝါတွင်းကာလအတွင်း ဥပုသ်သီတင်းဆောက်တည် ကြသူများ၊ ဘုရားဖူးလာရဟန်းရှင်လူပြည်သူများ စိတ်အေးချမ်းသာစွာဖြင့် ဘုရားဖူးမြော်နိုင်ရေးနှင့် တရားဘာဝနာအားထုတ်နိုင်ရေးအတွက် ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်လေးမြို့နယ်၌ လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်၌ လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်၌လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း)အတွင်းရှိ မြို့နယ်ကိုးမြို့နယ်၌လည်းကောင်း၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)အတွင်းရှိ မြို့နယ်လေးမြို့နယ်၌ လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ်လေးမြို့နယ်နှင့် ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ငါးမြို့နယ်၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်၌ လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၂ မြို့နယ်၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၆ မြို့နယ်၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၁ မြို့နယ်၌လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) ပြည်မြို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အအုံများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများတူးဖော်ပေးခြင်း စသည့် သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။



နမ့်စန်မြို့ မြို့ဦးစေတီပတ်ဝန်းကျင်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေစဉ်။

ထို့အပြင် မန္တလေးမြို့ပေါ်ရှိတာဝန်သိလူငယ်၊ လူရွယ်များစုစည်း၍ "မြို့ရွာ သန့်ရှင်း ရောဂါကင်း၊ စုပေါင်းအမှိုက်ရှင်း" စာသားတံဆိပ်ပါ တူညီဝတ်စုံများ ဝတ်ဆင်ပြီး မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် ပတ်ကုန်းပျော်ဘွယ်ရပ်ကွက် မန္တလေးပညာရေးဒီဂရီကောလိပ်ကျောင်းဝင်းအတွင်းနှင့် မြစ်ငယ်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၊ အပြင်တို့၌ စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက်တစ်ပိဿာလျှင် ၁၀၀ ကျပ်ဖြင့် ဝယ်ယူ၍ စနစ်တကျ အမှိုက်စွန့်ပစ်ခြင်းများ ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## ထန်းတပင်မြို့နယ်၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးသည့်သမဝါယမအသင်းသား တောင်သူများနှင့် စာချုပ်ချုပ်ဆို

ရန်ကုန် ဩဂုတ် ၁၉

နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ပျိုးသည့် သမဝါယမအသင်းသား တောင်သူများနှင့် စာချုပ်ချုပ်ဆိုခြင်းအခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

စာချုပ်ချုပ်ဆိုပွဲအခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မန်နေဂျာ ဦးစောလှဝင်းအောင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဝင်းကိုနှင့် အောင်နိုင်သစ္စာကုမ္ပဏီမှ တာဝန်ရှိသူ ဒေါ်ဝင်းအိအိမော်တို့က အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦး၊ မြို့နယ်သမဝါယမဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းဇော်နှင့်တာဝန်ရှိသူများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် မိုးစပါးစိုက်ဧက ၁၁၂၀ ဧကစိုက်ပျိုးကြသည့် သမဝါယမအသင်းသားတောင်သူ ၁၁၇ ဦးတို့နှင့် စာချုပ်ချုပ်ဆိုခဲ့ကြောင်း သိရသည်။

**ဇင်မင်းထိုက်(ထန်းတပင်)**

## ပြင်ဦးလွင်မြို့နယ် မြို့မဈေးကြီး ဈေးသမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာအစည်းအဝေး ကျင်းပ

ပြင်ဦးလွင် ဩဂုတ် ၁၉

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ်တွင် မြို့မဈေးကြီး ဈေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဩဂုတ် ၁၇ ရက်က Royal Diamond ခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် အသင်းသားများသို့ အကျိုးအမြတ်ငွေကျပ် ၇၂ သိန်း၂သောင်း၊ စုဆောင်းပေါ်အတိုး ကျပ် ၇၈၅သိန်း ၆သောင်း ၃ထောင် စုစုပေါင်း ၈၂၇ သိန်း ၈ သောင်း ၃ ထောင် နှင့် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်ခဲ့သည့် ကျောင်းသား ကျောင်းသူ လေးဦးအား ပညာသင်စရိတ် ကျပ် ၄ သိန်း ၃ သောင်း ထောက်ပံ့ခဲ့ပြီး တက်ရောက်လာသော အသင်းသား အသင်းသူများအား အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ကသာမြို့၌ ဧရာဝတီမြစ်အတွင်းသို့ ငါးသားပေါက်ကောင်ရေ နှစ်သိန်းခွဲ ငါးမျိုးစိုက်ထည့်



ကသာ ဩဂုတ် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ကသာမြို့ အလယ်ပိုင်းရပ်ကွက် ရွှေဂူကြီးဘုရားအနီး၌ ဩဂုတ် ၁၇ ရက် နံနက် ၁၀ နာရီက ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ကသာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၁)ဒုတိယဗိုလ်မှူးကြီး ရဲဝင်းလွင်နှင့် တာဝန်ရှိသူများ၊ ဝန်ထမ်းများ တက်ရောက်ကြပြီး အင်ကြင်းကုန်းငါးလုပ်ငန်းစခန်းမှ နှစ်လက်မအရွယ် ငါးမြစ်ချင်းငါးသားပေါက်ရေ နှစ်သိန်းခွဲကို ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ပွင့်ဖြူမြို့နယ်၌ ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်

ပွင့်ဖြူ ဩဂုတ် ၁၉

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ကြီးကြပ်မှုဖြင့် ပွင့်ဖြူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ သဘာဝရေပြင် မြစ်ချောင်းများတွင် ငါးသယံဇာများ ပိုမိုပေါကြွယ်ဝစေရေး၊ ကျေးလက်နေပြည်သူများ ငါးရိက္ခာကို ပိုမိုရရှိစေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရေးတို့အတွက် ဩဂုတ် ၁၈ ရက် နံနက် ၈ နာရီခွဲက ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို သံကိုင်းကျေးရွာအနီး၌ ကျင်းပသည်။

အခမ်းအနားသို့ ပွင့်ဖြူမြို့နယ် ငါးမျိုးစိုက်ထည့်ရေး ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ ပွင့်ဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးသိန်းကိုကိုထွန်းနှင့်ဝန်ထမ်းများ၊ ပွင့်ဖြူငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးစိုးလှိုင်နှင့်ဝန်ထမ်းများ၊ ရေလုပ်သားများ၊ ကျောင်းသား ကျောင်းသူများ၊ ပြည်သူများက နှစ်လက်မအရွယ်ရှိ ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ ၁၂၀၀၀၀ ကို ဧရာဝတီမြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီးမှ မီးသတ်တပ်ဖွဲ့ဝင်များအား ကြိုဆိုဂုဏ်ပြုပွဲ ကျင်းပ



ပုသိမ် ဩဂုတ် ၁၉

မိုခါမုန်တိုင်းကြောင့် ထိခိုက်ပျက်စီးမှုများအတွက် ရခိုင်ပြည်နယ်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဝင်များအား ကြိုဆိုဂုဏ်ပြုပွဲ အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းက ပုသိမ်မြို့ ရောရွှေဝါ ခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းက အမှာစကား ပြောကြားရာတွင် ရခိုင်ပြည်နယ်အတွင်းသို့ မုန်တိုင်းဝင်ရောက်ခဲ့သည့်အခါတွင် အသင့်စုစည်းထားရှိပြီးဖြစ်သည့် တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဝင်များက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ သွားရောက်ကူညီဆောင်ရွက်ခဲ့ကြောင်း၊ မီးသတ်တပ်ဖွဲ့ဝင်များ၏ စုဖွဲ့မှုအားကောင်းကောင်းဖြင့် ကြိုးစားဆောင်ရွက်ခဲ့ကြ၍ အချိန်တိုအတွင်း သတ်မှတ်လုပ်ငန်းတာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရ၍ ဂုဏ်ယူကြောင်းနှင့် ယခုကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများဖြင့် သဘာဝဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ၊ ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းများ အစွမ်းကုန်ကြိုးစား ဆောင်ရွက်ပေးကြရန် မှာကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်တွင် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် တိုင်းဒေသကြီး ရှာဖွေကယ်ဆယ်ရေးတပ်ခွဲ(၁) အဖွဲ့ခေါင်းဆောင်က ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့မှုအခြေအနေများ ရှင်းလင်းတင်ပြသည်။ ထို့နောက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ပြန်လည်ရောက်ရှိလာသည့် တိုင်းဒေသကြီး မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုနေ့လယ်စာဖြင့် ဧည့်ခံကျွေးမွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



## ထားဝယ်မြို့၌ စက်လှေကိုင်တွယ် မောင်းနှင်ထိန်းသိမ်းမှု(မွမ်းမံ) သင်တန်းဆင်း

ထားဝယ် ဩဂုတ် ၁၉

စက်လှေကိုင်တွယ် မောင်းနှင်ထိန်းသိမ်းမှု(မွမ်းမံ) သင်တန်းဆင်းပွဲအခမ်းအနားကို ဩဂုတ် ၁၈ ရက် နံနက် ၉ နာရီက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနရုံး၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးဇော်လင်းထွန်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ပြောကြားသည်။

